Open
Myanmar
Initiative

လွှတ်တော် စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၁)

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

## (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန်အစည်းအဝေးများအတွင်း မေးခွန်းများ လေ့လာချက်)




လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်
ဖေဖော်ဝါရီ၊ ၂၀၁၄

Open Myanmar Initiative

အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၅၃ ၄၀ ၈၀
E-mail : info@omimyanmar.org

ဖြစ်နိုင်သည်ဆိုသော ကိစ္စတိုင်း အလိုအလျောက် ဖြစ်လာမည်ကား မဟုတ်။
ဖြစ်လာနိုင်မှုများအပေါ်တွင်သာ မျှော်လင့်အားထားနေ၍ မရနိုင်။
ကျွန်တော်တို့သည် ကျွန်တော်တို့၏ အောင်မြင်ရေး အတွက်သာမက အနိုင်မခံရရေးအတွက်ပါ
ကျွန်တော်တို့စွမ်းအား၊ ကျွန်တော်တို့ လုံ့လ၊ ကျွန်တော်တို့အင်အားနှင့် ကျွန်တော်တို့
ပြင်ဆင်မှုအပေါ် ယုံကြည်အားထားရမည်။
မိမိ၏ အားကောင်းချက်၊ အားနည်းချက်၊ မိမိ၏ အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ်၊
အမျိုးသားရေး လုပ်ငန်းစဉ်၊ ရုပ်အခြေခံဆိုင်ရာ လုပ်ငန်းစဉ်၊ ကတ္တားပိုင်းလုပ်ငန်းစဉ်တို့ကို
ကောင်းစွာ သိနားလည်သူ၊ မိမိ၏ အားကောင်းချက်၊ အားနည်းချက်များကို
ကောင်းစွာသိလျက် ဤအသိဉာဏ်ကို အကျိုးအရှိဆုံးဖြစ်အောင် အင်တိုက်အားတိုက်
အသုံးချတတ်သူတို့သာလျှင် အရေးရှုံးနိမ့်ခြင်းကို ရှောင်ရှားနိုင်ကာ အောင်မြင်ခြင်းကို
ရရှိနိုင်လိမ့်မည်။ ဤသည်ကို ကျွန်တော်တို့ "ဉာဏ်ပညာထက်မြက်ခြင်း" ဟု
ခေါ်ဝေါ်သမုတ်ကြခြင်း ဖြစ်သည်။

*အောင်ဆန်း*

*(၁၉၄၆ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသည့် ဖ.ဆ.ပ.လ ဦးစီးအဖွဲ့အစည်းအဝေးတွင်*
*သဘာပတိမိန့်ခွန်းအဖြစ် ပြောကြားသော "အခြေအနေနှင့် လုပ်ငန်းစဉ်" မိန့်ခွန်း၊*
*မြစိန် ဘာသာပြန်ဆိုသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ဘားမားချဲလင်း(ချ်) မှ)*

## မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် **မာတိကာ**


| | |
|---|---|
| **အနှစ်ချုပ်** | ၇ |
| အခန်း (၁) **နိဒါန်း** | ၉ |
| ၁.၁.၀။ သုတေသနရည်ရွယ်ချက် | ၁၀ |
| ၁.၂.၀။ နည်းနာဗေဒ | ၁၀ |
| ၁.၂.၁။ ဝေါဟာရ ရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု | ၁၂ |
| ၁.၃.၀။ လေ့လာမှုအတိုင်းအတာ | ၁၅ |
| အခန်း (၂) **လွှတ်တော်ဆိုင်ရာ နောက်ခံအချက်အလက်များ** | ၁၆ |
| ၂.၁.၀။ ပြည်သူ့လွှတ်တော် | ၁၇ |
| ၂.၁.၁။ ပြည်သူ့လွှတ်တော်၌ ပါတီများ ပါဝင်မှု | ၁၈ |
| ၂.၁.၂။ ပြည်သူ့လွှတ်တော်၌ ကျား-မ ပါဝင်မှု | ၁၈ |
| ၂.၁.၃။ ပြည်သူ့လွှတ်တော်၌ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်မှု | ၁၈ |
| ၂.၁.၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ | ၁၈ |
| ၂.၁.၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင် | ၁၈ |
| ၂.၂.၀။ အမျိုးသားလွှတ်တော် | ၁၉ |
| ၂.၂.၁။ အမျိုးသားလွှတ်တော်၌ ပါတီများ ပါဝင်မှု | ၁၉ |
| ၂.၂.၂။ အမျိုးသားလွှတ်တော်၌ ကျား-မ ပါဝင်မှု | ၁၉ |
| ၂.၂.၃။ အမျိုးသားလွှတ်တော်၌ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်မှု | ၁၉ |
| ၂.၂.၄။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ | ၂၀ |
| ၂.၂.၅။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင် | ၂၀ |
| အခန်း (၃) **ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်သူ့လွှတ်တော်၌ တင်သွင်းခဲ့သည့် မေးခွန်းများ အရေအတွက်အခြေပြု လေ့လာချက်** | ၂၁ |
| ၃.၁.၀။ ပြည်သူ့လွှတ်တော်အတွင်း ကြယ်ပွင့်ပြမေးခွန်းများအားနှိုင်းယှဉ်လေ့လာမှုများ | ၂၁ |
| ၃.၁.၁။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း | ၂၃ |
| ၃.၁.၂။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော် ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း | ၂၄ |
| ၃.၁.၃။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြု နိုင်ငံရေးပါတီများကို လေ့လာခြင်း | ၂၅ |
| ၃.၁.၄။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကိုလေ့လာခြင်း | ၂၆ |
| ၃.၁.၅။ ပြည်သူ့လွှတ်တော်တွင် မေးမြန်းသောကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း | ၂၈ |
| ၃.၁.၆။ ပြည်သူ့လွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း | ၃၁ |
| ၃.၁.၇။ ပြည်သူ့လွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများအား တုံ့ပြန်ဖြေကြားမှုအမျိုးအစားများကို လေ့လာခြင်း | ၃၃ |

အခန်း (၄) **ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အမျိုးသားလွှတ်တော်၌ တင်သွင်းခဲ့သည့် မေးခွန်းများ အရေအတွက်အခြေပြု လေ့လာချက်** ၃၆
၄.၁.၀။ အမျိုးသားလွှတ်တော်အတွင်း ကြယ်ပွင့်ပြမေးခွန်းများအား နှိုင်းယှဉ်လေ့လာမှုများ ၃၈
၄.၁.၁။ အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း ၃၈
၄.၁.၂။ အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း ၃၉
၄.၁.၃။အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြု နိုင်ငံရေးပါတီများကို လေ့လာခြင်း ၄၀
၄.၁.၄။အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း ၄၁
၄.၁.၅။အမျိုးသားလွှတ်တော်တွင် မေးမြန်းသောကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း ၄၂
၄.၁.၆။အမျိုးသားလွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း ၄၂
၄.၁.၇။ အမျိုးသားလွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများအား တုံ့ပြန်ဖြေကြားမှုအမျိုးအစားများကို လေ့လာခြင်း ၄၅
အခန်း (၅) **ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်ထောင်စုလွှတ်တော်၌ တင်သွင်းခဲ့သည့် မေးခွန်းများ အရေအတွက်အခြေပြု လေ့လာချက်** ၄၇
၅.၁.၀။ ပြည်ထောင်စုလွှတ်တော်တွင် မေးမြန်းသောကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း ၄၈
၅.၂.၀။ ပြည်ထောင်စုလွှတ်တော်တွင် မေးမြန်းသောကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း ၄၉
၅.၃.၀။ ပြည်ထောင်စုလွှတ်တော်တွင်မေးမြန်းသောကြယ်ပွင့်ပြမေးခွန်းများအား တုံ့ပြန်ဖြေကြားမှုအမျိုးအစားများကို လေ့လာခြင်း ၄၉
အခန်း (၆) **အကြံပြုချက်များ** ၅၀
**ရည်ညွှန်းကိုးကား စာရင်း** ၅၂
**နောက်ဆက်တွဲများ** ၅၄

လွှတ်တော် စောင့်ကြည့်လေ့လာရေး
အစီရင်ခံစာ အမှတ် - ၁

# မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက်

(ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ
မေးခွန်းများ လေ့လာချက်)

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

**အချက်အလက် ကောက်ယူသူများ -** ရာဇာ၊ မြတ်မင်းခန့်၊ ကျော်ဇောဦး
**သုတေသန ပြုလုပ်သူများ -** ရဲမင်း၊ လှမျိုးကျော်
**အစီရင်ခံစာပြုစုသူများ -** ဇေခိုင်၊ ထင်ကျော်အေး

*၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေသည်။*

| နိုင်ငံရေးပါတီများ၏ အမည်နှင့် အတိုကောက်ဖော်ပြချက်များ | |
|---|---|
| CPP | ချင်းတိုးတက်ရေးပါတီ<br>The Chin Progressive Party |
| CNP | ချင်းအမျိုးသားပါတီ<br>The Chin National Party |
| INDP | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Inn National Development Party |
| KPP | ကရင်ပြည်သူ့ပါတီ<br>Kayin People's Party |
| KSDDP | ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Kayin State Democracy and Development Party |
| MDP | မွန်ဒီမိုကရေစီပါတီ<br>Mon Democracy Party |
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု<br>National Democratic Force |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်<br>National League for Democracy |
| NUP | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ<br>National Unity Party |
| PDP | ဖလုံ- စဝေါ် ဒီမိုကရက်တစ်ပါတီ<br>PhaLon- Sawaw Democratic Party |
| PNO | ပအို့ဝ် အမျိုးသားအဖွဲ့ချုပ်<br>Pa-O Natiional Organization |
| RNDP | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ<br>Rakhine Nationalities Development Party |
| SNDP | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်<br>Shan National League for Democracy |
| TPNP | တအောင်း (ပလောင်) အမျိုးသားပါတီ<br>The Taaung (Palaung) National Party |
| UDP | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်)<br>Unity and Democracy Party of Kachin State (UDPKS) |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>Union Solidarity and Development Party |
| WDP | ဝ ဒီမိုကရက်တစ်ပါတီ<br>Wa Democratic Party |

# မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် အနှစ်ချုပ်

ပွင့်လင်းမြန်မာ့ရှေ့ဆောင်၊ လွှတ်တော် စောင့်ကြည့်လေ့လာရေး အစီအစဉ်၏ အစီရင်ခံစာ အမှတ် (၁) တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်တို့၏ ပထမပုံမှန် အစည်းအဝေးမှ ဆဋ္ဌမပုံမှန် အစည်းအဝေးထိ မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ကိန်းဂဏန်းအခြေပြု လေ့လာ ဆန်းစစ်ရာတွင် တွေ့ရှိချက်များကို အောက်ပါအတိုင်း အနှစ်ချုပ် ဖော်ပြလိုက်ရပါသည်။

- တွေ့ရှိချက်များအရ ကိုယ်စားလှယ်ဦးရေ ၄၄၀ ရှိသော ပြည်သူ့လွှတ်တော်တွင် တစ်ရက် ပျမ်းမျှ မေးခွန်း မေးမြန်းနိုင်မှုအခြေအနေမှာ ၁.၉ ခုရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် ၂၂၄ ဦးရှိသော အမျိုးသားလွှတ်တော်၏ တစ်ရက်ပျမ်းမျှ မေးခွန်း မေးမြန်းနိုင်မှုနှုန်း ၃.၂ ခု ထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။
- လွှတ်တော်တွင်း တပ်မတော်သားကိုယ်စားလှယ်ဦးရေ အစားထိုးခန့်အပ်မှုတွင် ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကြား ကွာဟလျက်ရှိသည်ကို တွေ့ရပါသည်။ ကောက်ယူရရှိသော အချက်အလက်များအရ ပထမပုံမှန် အစည်းအဝေးမှ ဆဋ္ဌမ ပုံမှန် အစည်းအဝေး အထိ ပြည်သူ့လွှတ်တော်တွင် တပ်မတော်သား ကိုယ်စားလှယ် အစားထိုး ခန့်အပ်မှုသည် ၆၅ ဦး ရှိခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင် တပ်မတော်သား ကိုယ်စားလှယ် အစားထိုး ခန့်အပ်မှု ၂၆ ဦး ရှိခဲ့သည်။ ထို့အတွက် ပြည်သူ့လွှတ်တော်တွင် တပ်မတော်သား ကိုယ်စားလှယ် အဖြစ် တာဝန်ထမ်းဆောင်ဖူးသူ ၁၇၅ ဦးရှိပြီး၊ အမျိုးသားလွှတ်တော် တွင် ၈၂ ဦး ရှိခဲ့သည်။
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရဖူးသူ ၃၆၂ ဦး ရှိပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရဖူး သူ ၁၇၄ ဦး ရှိသည်။
- ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွက် လွှတ်တော်အစည်းအဝေးရက် စုစုပေါင်း ၁၇၃ ရက်ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်တွင် မေးခွန်း မေးမြန်းသူ ၂၃၈ ဦး ရှိခဲ့ပြီး၊ လွှတ်တော် အစည်းအဝေးရက် ၁၆၉ ရက် ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော်တွင် မေးခွန်းမေးမြန်း သူ ၁၃၅ ဦး ရှိခဲ့သည်။
- မေးခွန်းမေးမြန်းခဲ့ဖူးခြင်း မတွေ့ရသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂၅ ဦး ရှိပြီး၊ အလားတူ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၄၀ ဦး ရှိသည်။

- မေးခွန်းမေးမြန်းခဲ့ဖူးခြင်း မတွေ့ရသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၇၄ ဦး ရှိပြီး၊ အလားတူ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၈၁ ဦး ရှိသည်။
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲတွင် ပါဝင်သည့် တိုင်းရင်းသားမျိုးနွယ်စုအရေအတွက် ၂၉ ခုရှိပြီး ယင်းတို့ထဲမှ တိုင်းရင်းသားမျိုးနွယ်စု သုံးခု၏ မေးခွန်းမေးမြန်းမှုကို မတွေ့ရှိရချေ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲတွင် တိုင်းရင်းသားမျိုးနွယ်စု ၁၆ ခု ပါဝင်ပြီး ယင်းတို့ထဲမှ တိုင်းရင်းသားမျိုးနွယ်စု နှစ်ခု၏ မေးခွန်းမေးမြန်းမှုကို မတွေ့ရှိရပါ။
- မေးခွန်းမေးမြန်းမှု အများဆုံး တိုင်းရင်းသားမျိုးနွယ်စုများမှာ ပြည်သူ့လွှတ်တော်တွင် ဗမာ၊ ရှမ်းနှင့် ရခိုင်တို့ ဖြစ်ကြပြီး၊ အမျိုးသားလွှတ်တော်တွင် ဗမာ၊ ချင်းနှင့် ရခိုင်တို့ ဖြစ်ကြသည်။
- မေးခွန်းအမေးမြန်းခဲ့ဆုံးပါတီများမှာ ပြည်သူ့လွှတ်တော်တွင် USDP၊ NDF နှင့် SNDP ပါတီများ ဖြစ်ကြသည်။ အမျိုးသားလွှတ်တော်တွင် USDP၊ NDF နှင့် RNDP ပါတီတို့ ဖြစ်ကြသည်။
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အဓိကမေးမြန်းသည့် အကြောင်းအရာ/ကဏ္ဍများမှာ အခြေခံအဆောက်အအုံ၊ အုပ်ချုပ်ရေး၊ ပညာရေးတို့နှင့် သက်ဆိုင်သော မေးခွန်းများ ဖြစ်ပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အဓိကမေးမြန်းကြသည့် အကြောင်းအရာ/ကဏ္ဍများမှာ အခြေခံအဆောက်အအုံ၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့နှင့် သက်ဆိုင်သော မေးခွန်းများ ဖြစ်သည်။
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းအများစုသည် အစိုးရကို ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်ကြောင်း တွေ့ရပြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ မေးခွန်းအများစုကမူ မဲဆန္ဒရှင်များအားကိုယ်စားပြုမှုအတွက် အဓိကထား၍ ရည်ရွယ်မေးမြန်းကြကြောင်း တွေ့ရသည်။
- ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ဖြေကြားကြရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်လုံးတွင် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ငြင်းဆိုသည့် တုံ့ပြန်မှုနှင့် မရှင်းလင်းသည့် တုံ့ပြန်မှု ရာခိုင်နှုန်းများ တူညီစွာ မြင့်မားနေသည်ကိုလည်းကောင်း၊ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ဆဲဟု တုံ့ပြန်မှု ရာခိုင်နှုန်းများ တူညီစွာ မြင့်မားနေသည်ကိုလည်းကောင်း၊ ပဥ္စမ ပုံမှန်အစည်းအဝေးကာလအတွင်း ရှောင်ပွမ်းတုံ့ပြန်မှု ရာခိုင်နှုန်းများ တူညီစွာ မြင့်မားနေသည်ကိုလည်းကောင်း၊ ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း အပြုသဘောဆောင်သည့် တုံ့ပြန်မှု ရာခိုင်နှုန်းများ တူညီစွာ မြင့်မားနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။

# မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက်

လွှတ်တော်ကိုယ်စားလှယ်များ စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

## နိဒါန်း

လွှတ်တော်များ၏ အခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီခြင်းမရှိကြသော်လည်း ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံများတွင် ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ပွဲများဖြင့် မဲဆန္ဒပေး ရွေးကောက်တင်မြှောက်ကြပြီး နိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်တွင် သက်ဆိုင်ရာ ပြည်သူများကို ကိုယ်စားပြုရန်၊ တရားဥပဒေပြုရန်၊ အစိုးရကို စိစစ်ထိန်းကျောင်းရန်၊ အစိုးရ၏ တရားဝင်မှုကို ဖော်ဆောင်ရန်နှင့် နိုင်ငံရေးလေ့ကျင့်ပျိုးထောင်မှုပေးရန် ဟူသည့် လုပ်ငန်းဆောင်တာများတွင် တူညီလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဗြိတိသျှကိုလိုနီနိုင်ငံအဖြစ်မှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း နိုင်ငံရေးအပြောင်းအလဲများကြောင့် လွှတ်တော်၏အခန်းကဏ္ဍ မှေးမှိန် ပျောက်ကွယ်သွားခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်ဝင်စေခဲ့သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲများ ပြန်လည်ကျင်းပနိုင်ခဲ့ပြီး နောက်မှသာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်ဖွဲ့စည်းသော ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များကို ပြန်လည်ခေါ်ယူနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ တစ်ကြိမ်ကျင်းပခဲ့ပြီး လိုအပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ထပ်မံဖြည့်တင်းခဲ့သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများကို နဝမအကြိမ်မြောက်အဖြစ် စတင်ကျင်းပခဲ့ရာ လွှတ်တော်နှင့် ပတ်သက်သည့် အချက်အလက်များစွာ ပေါ်ထွက်လာခဲ့ပြီး ယင်းမှ တစ်စိတ်တစ်ပိုင်းကို နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရုပ်မြင်သံကြားနှင့် သတင်းစာ၊ စာနယ်ဇင်း ထုတ်ဝေမှုများတွင်လည်းကောင်း၊ ပုဂ္ဂလိကပိုင် မီဒီယာများတွင်လည်းကောင်း ဖော်ပြခဲ့ကြသည်။ ထို့ပြင် လွှတ်တော်စောင့်ကြည့်လေ့လာရေး လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလာကြသည့် အရပ်ဘက်အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်ကိုလည်း တွေ့ရသည်။

လွှတ်တော်စောင့်ကြည့်လေ့လာရေးသည် အားကောင်းသော၊ ပွင့်လင်းမြင်သာရှိသော၊ တာဝန်ယူမှုရှိသော လွှတ်တော်များ ဖြစ်ပေါ်လာစေရန်ဖြစ်ပြီး၊ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်၌ နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်နိုင်ရန်လည်း ဖြစ်သည်။

## ၁.၁.၀ ။ သုတေသနရည်ရွယ်ချက်

ယခုလေ့လာချက်အတွက် ပွင့်လင်းမြန်မာ့ရေ့ဆောင်၏ သုတေသနအဖွဲ့သည် မြန်မာနိုင်ငံ၏ နှစ်ပေါင်း ငါးဆယ်ကျော် အတွင်း နိုင်ငံရေး ဇာတ်ခုံပေါ် ပထမဆုံး ပြန်လည်ထွက်ပေါ်လာခဲ့သော ဥပဒေပြုလွှတ်တော်၏ အစည်းအဝေးတစ်ခုချင်းစီ၏ အစည်းအဝေးမှတ်တမ်းများအရ သိရှိရသော လွှတ်တော်၏ လုပ်ငန်းဆောင်တာများနှင့် ယင်းတို့မှ ထုတ်ယူထားသည့် အချက်အလက်များကို စုဆောင်း၍ လွှတ်တော်တစ်ရပ်၏ အခန်းကဏ္ဍနှင့် ယင်း၏ အားကောင်းမှုများ၊ အားနည်းချက်များ၊ အကျိုးသက်ရောက်မှုများ စသည်တို့ကို သိရှိရန် ရည်ရွယ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များကို စောင့်ကြည့်လေ့လာရာတွင် လွှတ်တော်တစ်ရပ်၏ အင်္ဂါရပ်များဖြစ်သည့် ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအား ထိန်းကျောင်းစိစစ်ခြင်း၊ အစိုးရအား တရားဝင် ဖြစ်စေခြင်းနှင့် နိုင်ငံရေးအရ လေ့ကျင့်ပျိုးထောင်မှုပေးခြင်း တို့အနက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအား ထိန်းကျောင်းစိစစ်ခြင်းစွမ်းဆောင်ရည်များကို ရရှိနိုင်သော အချက်အလက်များပေါ်တွင် အကဲဖြတ်သွားရန် ဖြစ်ပါသည်။ ထိုသို့ အချက်အလက်များ ကောက်ယူရာမှ လွှတ်တော်၏ လုပ်ငန်းဆောင်တာများဖြစ်သော ဥပဒေပြုမှု၊ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှုတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း ရှိမရှိ တိုင်းတာနိုင်မည့် အကျိုးရလဒ်များ ထွက်ပေါ်လာမည် ဖြစ်သည်။

ပွင့်လင်းမြန်မာ့ရေ့ဆောင် လွှတ်တော် စောင့်ကြည့်လေ့လာရေး အစီအစဉ်အနေဖြင့် သုတေသနပြုလုပ်ရာမှ လေ့လာတွေ့ရှိချက်များကို အစီရင်ခံစာများ၊ သုတေသနစာတမ်းများ ပုံမှန်ထုတ်ပြန်ပြီး၊ အင်တာနက်တွင် omimyanmar.org စာမျက်နှာ၌ မဲဆန္ဒရှင်များ၊ ပညာရှင်များ၊ လေ့လာသူများ၊ လွှတ်တော် ကိုယ်စားလှယ်များ သိရှိနိုင်ရန် အချက်အလက်ဘဏ်တစ်ခု အဖြစ်စုစည်းတင်ပြကာ ယေဘုယျရှာဖွေမှုနှင့် အသေးစိတ်ရှာဖွေမှုများအထိ ပြုလုပ်နိုင်ရန်ပါ ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။ လွှတ်တော်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၏ ပမာဏ ကြီးမားလာသည်နှင့်အမျှ လွယ်ကူစွာ ရှာဖွေမှီငြမ်းနိုင်ရန်အတွက် ကိန်းဂဏန်းများနှင့် ရည်ညွှန်းကိန်းများကို ထုတ်ပြန်နိုင်ရန် လိုအပ်လာပါသည်။

## ၁.၂.၀ ။ နည်းနာဗေဒ

ယခုမှတ်တမ်းတွင် အသုံးပြုထားသော အချက်အလက် အများစုမှာ လွှတ်တော် အစည်းအဝေး မှတ်တမ်းများနှင့် အစိုးရပိုင်သတင်းစာများမှ ကောက်ယူထားခြင်းဖြစ်ပြီး၊ တရားဝင် ထုတ်ပြန်ထားသော အချက်အလက်များပေါ်တွင် အခြေခံထားပါသည်။ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်တို့ကို အကဲဖြတ်ရာတွင် လွှတ်တော် အစည်းအဝေးများအတွင်း မေးမြန်းသည့် မေးခွန်းအရေအတွက်၊ အဆိုတင်သွင်းသည့် အကြိမ်ရေနှင့် ဥပဒေကြမ်းများတွင် ဝင်ရောက်ဆွေးနွေးမှု အကြိမ် အရေအတွက် စသည်တို့သက်သက်ချည်းဖြင့်သာ မဆုံးဖြတ်နိုင်သော်လည်း၊ ယခုလေ့လာချက်မှ ထွက်ရှိလာသော အခြေခံကိန်းဂဏန်း အချက်အလက်များသည် လွှတ်တော်ကိုယ်စားလှယ်များ၊ နီးနွယ်ပတ်သက်သူများ၊ စာနယ်ဇင်းသမားများ၊ သုတေသနပြုလုပ်သူများနှင့် မဲဆန္ဒရှင် ပြည်သူများအတွက် အသုံးဝင်မည်ဟု ယုံကြည်ပါသည်။ ယင်းတို့အနေဖြင့်လည်း လွှတ်တော်၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေပုံကို ပိုမိုရှင်း လင်းလွယ်ကူစွာ နားလည်လာကြမည်ဖြစ်သည်။

လွှတ်တော်၏ လုပ်ငန်းများကို လေ့လာရာတွင် ဥပဒေပြုလွှတ်တော်များ၏ အဓိကလုပ်ငန်းများဖြစ်သော ဥပဒေပြုမှု၊ အစိုးရအား စောင့်ကြပ်ထိန်းကြောင်းမှုနှင့် မဲဆန္ဒရှင်ပြည်သူများအား ကိုယ်စားပြုနိုင်မှုတို့ကို အဓိကထား နှိုင်းယှဉ်လေ့လာထားပါသည်။

လွှတ်တော်တွင်း လုပ်ငန်းဆောင်ရွက်ချက်များကို အကြောင်းအရာ(ကဏ္ဍ) အလိုက် အမျိုးအစား ခွဲခြားရာတွင်လည်း လာရောက်ပြန်လည်ဖြေကြားရှင်းလင်းသော ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများကို အခြေခံပြီး အမျိုးအစားခွဲခြင်း မဟုတ်ဘဲ သက်ဆိုင်သည့် ကဏ္ဍအလိုက်သာ ခွဲခြားထားသဖြင့် ကဏ္ဍအလိုက် လွှတ်တော်၏ ဆောင်ရွက်ချက်များကို မြင်တွေ့ရမည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို လေ့လာရာတွင်လည်း အချက်အလက်များ၏ ခိုင်မာအားကောင်းမှုအတွက် လွှတ်တော်များ၏ ပုံမှန်အစည်းအဝေး မှတ်တမ်းများကို ပင်မအရင်းအမြစ်အဖြစ် ရွေးချယ်အသုံးပြု၍ အချက်အလက် ကောက်ယူမှုများ ပြုလုပ်ပါသည်။


လွှတ်တော်တွင်း ဆောင်ရွက်သည့်လုပ်ငန်းများအနက် နိစ္စဓူဝ လုပ်ငန်းများမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ဥပဒေကြမ်းရေးဆွဲတင်သွင်း၊ ပြင်ဆင် ဖျက်သိမ်းခြင်းတို့ဖြစ်သည်။ ယခု အစီရင်ခံစာတွင်မူ ယင်းလွှတ်တော်လုပ်ငန်းဆောင်တာများမှ မေးခွန်းမေးမြန်းခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ပိုင်းခြားလေ့လာခြင်းဖြစ်သည်။


လွှတ်တော်များသည် အုပ်ချုပ်ရေးကဏ္ဍ၏ လုပ်ငန်းများ ပွင့်လင်းမြင်သာမှုနှင့် ထင်သာမြင်သာရှိစေရန်၊ အုပ်ချုပ်ရေးကဏ္ဍ၏ တာဝန်ခံမှုကို မြှင့်တင်နိုင်ရန်၊ အစိုးရ၏ ဘဏ္ဍာရေးအရ တာဝန်ခံမှု မြင့်မားလာစေရန်၊ တရားဥပဒေစိုးမိုးစေရန်

စသည့် ရည်ရွယ်ချက်များဖြင့် အစိုးရကို စိစစ်ထိန်းကျောင်းသည့် လုပ်ငန်းဆောင်တာများကို မေးခွန်းမေးမြန်းခြင်းအားဖြင့် အဓိက ဆောင်ရွက်သည်။ ထိုသို့ မေးခွန်းမေးမြန်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အစိုးရဌာနများသို့ စာဖြင့် ရေးသားမေးမြန်းခြင်း ပြုနိုင်သလို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ လွှတ်တော် လာရောက်ဖြေဆိုနိုင်စေရန် ကြယ်ပွင့်ပြ မေးခွန်းများကိုလည်း လွှတ်တော် အစည်းအဝေးများအတွင်း မေးမြန်းနိုင်သည်။ ထိုသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ပတ်သက်သည့် ဆောင်ရွက်ပုံ အဆင့်ဆင့်ကို အောက်တွင် ဖော်ပြထားပါသည်။

ကြယ်ပွင့်ပြမေးခွန်းများကို အမျိုးအစား ခွဲခြားရာတွင် အဓိကအားဖြင့် မေးခွန်းနှစ်မျိုးကို တွေ့ရသည်။ အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို သိလိုသဖြင့် မေးသောမေးခွန်း၊ အစိုးရက လုပ်ဆောင်ပေးနိုင်ပါမည်လောဟု မေးသောမေးခွန်းဟူ၍ ဖြစ်သည်။ မေးခွန်းများအား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြန်လည်ဖြေကြားသည့် ရလဒ်ကို အဆင့်လေးဆင့်ပိုင်းခြားလေ့လာထားသည်။ အပြုသဘောဆောင်သည့် တုံ့ပြန်မှု၊ ငြင်းဆန်သည့် တုံ့ပြန်မှု၊ မရှင်းလင်းသည့် တုံ့ပြန်မှုနှင့် ရောပြွမ်းတုံ့ပြန်မှုတို့ ဖြစ်သည်။ ယခု လေ့လာထားသော မေးခွန်းများအားလုံးမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက လွှတ်တော်တွင် လာရောက်ဖြေဆိုသော ကြယ်ပွင့်ပြမေးခွန်းများ ဖြစ်ပါသည်။ ကြယ်ပွင့်မပြ မေးခွန်းများကို ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများက မေးမြန်းသူ လွှတ်တော် ကိုယ်စားလှယ်များထံ စာဖြင့် တိုက်ရိုက်ရေးသားဖြေကြားသည့် ကြယ်ပွင့်မပြ မေးခွန်းများလည်း ရှိသေးသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်/အမျိုးသားလွှတ်တော်/ပြည်သူ့လွှတ်တော် တို့၏ ပထမပုံမှန် အစည်းအဝေးများမှစ၍ ဆဋ္ဌမပုံမှန် အစည်းအဝေးများအထိ ပြုလုပ်ခဲ့သော ဥပဒေကြမ်းများ၊ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှု






© OMI INFOGRAPHIC

များနှင့် အဆိုတင်သွင်းမှုများကို အချက်အလက်ကောက်ယူ၍ SPSS (Statical Package for Social Science) ဆော့ဖ်ဝဲ ဖြင့် အချက်အလက် သွင်းခဲ့ပြီး ဖြစ်ပါသည်။ ပထမအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး မှတ်တမ်းများ ထုတ်ဝေမှု နောက်ကျခဲ့သဖြင့် သုတေသနရလာဒ်များကို ထုတ်ပြန်နိုင်ရန် နောက်ကျနေခဲ့ရပါသည်။

## ၁.၂.၁ ။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု

လွှတ်တော်ကိုယ်စားလှယ်များ၏ နောက်ခံကို သိရှိနိုင်ရန် အတွက် ယခင်အလုပ်အကိုင်များကို ကောက်ယူရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အလုပ်အကိုင် သမိုင်းကြောင်း တစ်လျှောက် လွှမ်းမိုးမှုအရှိဆုံး အလုပ်အကိုင်ကိုသာ ထည့်သွင်း ရယူခဲ့ပါသည်။

## (၁) တုန့်ပြန်မှုများကို အမျိုးအစားခွဲခြားခြင်း

လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တုန့်ပြန်မှုများကို အမျိုးအစားခွဲခြားခြင်းကို အောက်ဖော်ပြပါအတိုင်း ပြုလုပ်ထားပါသည်။

လွှတ်တော်အတွင်းမေးမြန်းသည့် မေးခွန်းများကို ယေဘုယျ အားဖြင့် သုံးမျိုးခွဲခြားနိုင်ကြောင်း တွေ့ရသည်။ (က) လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း အသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိလိုသည့်အခါ မေးခွန်းများ မေးမြန်းလေ့ရှိသလို၊ (ခ) ယင်းတို့၏ မဲဆန္ဒနယ်များ နှင့် ပတ်သက်သည့်ကိစ္စများကို ပြည်ထောင်စု အဖွဲ့အစည်း များက ဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိလည်း မေးမြန်းလေ့ရှိသည်။ (ဂ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီး၏ ရပ်တည် ချက်များနှင့် မူဝါဒများကို အတည်ပြုချက်ရယူ မေးမြန်းသည့် မေးခွန်းများလည်း ရှိသည်။ ထို့အတွက် အဖြေ (ဝါ) တုံ့ပြန်မှု များကို အမျိုးအစား ခွဲခြားရာတွင် အောက်ပါ ရည်ညွှန်း အဓိပ္ပါယ်များအတိုင်း ဝေါဟာရရွေးချယ်ထားသည်ကို တွေ့ရ မည် ဖြစ်ပါသည်။

### (က) အပြုသဘောဆောင်သည့် တုံ့ပြန်ချက်

လွှတ်တော်သို့ လာရောက်ဖြေကြားသော ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ် သို့မဟုတ် ထိုပုဂ္ဂိုလ်၏ တာဝန်လွှဲအပ်ခြင်းခံရ သူသည် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ရှင်း လင်းစွာ ဖြေကြားပြီး ထိုအဖြေသည် တိကျသော ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ပေးပါမည်ဟူသည့် တိကျသော ကတိ ကဝတ်ဖြစ်ပါက အပြုသဘောဆောင်သည့်တုံ့ပြန်ချက်ဟု သတ်မှတ် ပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ရပ်တည်ချက်၊ မူဝါဒများကို မေးမြန်းသည့် မေးခွန်းများတွင်မူ တိကျရှင်းလင်းသည့် မူဝါဒချပြနိုင်မှုပေါ် မူတည်၍ အပြု သဘောဆောင်သည့် တုံ့ပြန်မှုဟု ယူဆခြင်းဖြစ်ပါသည်။

### (ခ) ငြင်းဆိုသည့် တုံ့ပြန်ချက်

ငြင်းဆိုသည်ဟု သတ်မှတ်ရသည့် တုံ့ပြန်ချက်များမှာ လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုသော ကိစ္စရပ်များကို တိကျသည့် ဘဏ္ဍာနှစ်တစ်ခုအတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးဟု ဖြေကြားသော အဖြေများနှင့် တိကျသော မူဝါဒကို ချမပြနိုင်သည့် တုံ့ပြန်ချက်များကို သတ်မှတ်ခြင်းဖြစ်သည်။ အကယ်၍ မေးခွန်းဖြေဆိုသည့် ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က မေးခွန်းပါ အကြောင်းအရာနှင့် ပတ်သက်၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် မကိုက်ညီ သောကြောင့်သော်လည်းကောင်း၊ အစိုးရ ဘဏ္ဍာရေး အခြေ အနေကြောင့် သော်လည်းကောင်း ဆောင်ရွက်ပေးနိုင် ခြင်း မရှိဟု တုန့်ပြန်မှု များကိုလည်း ငြင်းဆိုသည့် တုံ့ပြန်ချက်

များအဖြစ်သာ သတ်မှတ်သည်။

**(ဂ) မရှင်းလင်းသည့် တုံ့ပြန်ချက်**

မေးခွန်းကို တိတိကျကျ မဖြေကြားထားသော အဖြေများ၊ တိကျသော မူဝါဒ၊ ရပ်တည်ချက်ကို ထုတ်ဖော် ပြောကြားနိုင်မှု မရှိသော တုံ့ပြန်ချက်များကို မရှင်းလင်းသည့် တုံ့ပြန်ချက်များ အဖြစ် သတ်မှတ်ပါသည်။ မေးခွန်းဖြေဆိုသည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က မေးခွန်းပါ အကြောင်း အရာနှင့် ပတ်သက်၍ ဆောင်ရွက်ပေးရန် တိကျသော ဘဏ္ဍာရေး နှစ်သတ်မှတ် ဖော်ပြခြင်းမရှိသော တုန့်ပြန်မှုများကိုလည်း ရှုပ်ထွေးသည့် တုံ့ပြန်ချက်များအဖြစ်သာ သတ်မှတ်သည်။

**(ဃ) ရောပြွမ်းတုံ့ပြန်ချက်များ**

လွှတ်တော်အမတ်များသည် တစ်ခုထက်ပိုသော မေးခွန်းများ ကို တစ်ဆက်တည်း မေးမြန်းခြင်းကြောင့် ဖြစ်စေ၊ လာရောက် ဖြေကြားသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်သည် မေးခွန်းကို ဆစ်ပိုင်းဖြေကြားခြင်းကြောင့် ဖြစ်စေ ရောပြွမ်းတုံ့ပြန်ချက်များ ထွက်ပေါ်လာလေ့ ရှိပါသည်။ ဥပမာအားဖြင့် မေးခွန်း၏ အစိတ် အပိုင်းတစ်ရပ်ကို အပြုသဘော ဖြေကြားပြီး၊ အခြားအစိတ် အပိုင်းတစ်ရပ်ကိုမူ အခြားတုန့်ပြန်မှုအမျိုးအစား တစ်ခုဖြင့် ဖြေကြားပါက ရောပြွမ်းတုံ့ပြန်ချက်များအဖြစ် သတ်မှတ်သည်။ မေးခွန်းပါ အကြောင်းအရာ၊ သို့မဟုတ် မေးခွန်း၏ တစ်စိတ် တစ်ပိုင်းနှင့် ပတ်သက်၍ တိုက်ရိုက်သက်ဆိုင်သော ပြည်ထောင်စု အဆင့် အဖွဲ့အစည်းမှ တာဝန်ရှိသူက လာရောက်ဖြေဆိုခြင်း မရှိဘဲ အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခုမှ တာဝန် ရှိသူတစ်ဦးဦးက ဖြေဆိုသည့်အခါ ရှင်းလင်းစွာ ဖြေကြားနိုင်ခြင်း မရှိ (သို့မဟုတ်) လုံးဝ ဖြေကြားခြင်း မရှိသည့် တုံ့ပြန်မှုများကို လည်း ရောပြွမ်းတုန့်ပြန်ချက်အဖြစ် ကောက်ယူပါသည်။

**(င) ဆောင်ရွက်ဆဲဟု တုံ့ပြန်ချက်**

ကိစ္စတစ်ရပ်သည် မေးခွန်းမေးမြန်းသည့် ကာလတွင်၊ သို့ မဟုတ် ထိုဘဏ္ဍာနှစ်တွင် ဆောင်ရွက်အကောင်အထည်ဖော် နေပြီဖြစ်သော အကြောင်းအရာဖြစ်သည်ဟုလည်းကောင်း၊ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်က "သိလိုသဖြင့်" မေးမြန်း သည့် ဆီလျော်သည့် ဆောင်ရွက်မှု အဆင့်ဆင့်ဖြင့် ပြုလုပ် ပေးပါမည်ဟူ၍လည်းကောင်း ဖြေကြားပါက ထိုတုံ့ပြန်ချက် များကို ဆောင်ရွက်ဆဲဟု သတ်မှတ်ပါသည်။

## (၂) အကြောင်းအရာ/ကဏ္ဍများကို အမျိုးအစားခွဲခြားခြင်း

မေးခွန်းများကို တုံ့ပြန်ပုံအလိုက် အမျိုးအစားခွဲ အချက် အလက်ကောက်ယူသည့်အပြင် လွှတ်တော်တွင်း မေးမြန်းသည့် အကြောင်းအရာများကို လာရောက်ဖြေကြားသည့် ဝန်ကြီးဌာန များ၊ အစိုးရ အဖွဲ့အစည်းများအပေါ် တိုက်ရိုက်အခြေမခံဘဲ မေးခွန်း၏ အကြောင်းအရာ ကဏ္ဍအလိုက် အခြေခံပြီး ထပ်မံ အမျိုးအစား ခွဲခြားထားပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေး သိပ္ပံကျောင်းများ ဖွင့်လှစ်ပေးရန် မေးမြန်းသော မေးခွန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ လာရောက် ဖြေကြားရသော်လည်း ပညာရေးဟုသာ သတ်မှတ်ပါသည်။ ယေဘုယျ အမျိုးအစားခွဲခြားပုံကို အောက်ပါအတိုင်း ပြုလုပ် ပါသည်။

**(က) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး**

လမ်း၊ တံတား၊ ဆည်မြောင်း အပါအဝင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း ပြုပြင်ခြင်းတို့ ဖြစ်သည်။ သို့သော် ဆေးရုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းကို ကျန်းမာရေးဟု သတ်မှတ်ပြီး၊ စာသင်ကျောင်းများ ဆောက်လုပ်၊ တိုးချဲ့ခြင်းတို့ကိုမူ ပညာရေးဟု သတ်မှတ်ပါသည်။

**(ခ) စိုက်ပျိုးရေး**

စိုက်ပျိုးစရိတ် ထုတ်ချေးခြင်းမှသည် သီးနှံများ ဈေးကောင်းရ ရေး၊ လယ်သမားများ၏ အခွင့်အရေးစသည်တို့ကို စိုက်ပျိုးရေး ဟူသော ခေါင်းစဉ်အောက်တွင် ထည့်သွင်းသတ်မှတ်ထားပါသည်။

**(ဂ) ကျန်းမာရေး**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများ ခန့်ထားရေးနှင့် ပတ်သက်သည့် ကိစ္စများ၊ ကျန်းမာ ရေးဆိုင်ရာ အဆောက်အအုံနှင့် စပ်လျဉ်းသည်တို့ကို ကျန်းမာ ရေးဟု ထည့်သွင်းသတ်မှတ်ပါသည်။

**(ဃ) ပညာရေး**

ပညာရေးနှင့် ပတ်သက်သည့် အဆောက်အအုံများ တိုးချဲ့ တည်ဆောက်မှု၊ ပညာရေးစနစ်အား ပြုပြင်ပြောင်းလဲမှု၊ ပညာရေး ဝန်ထမ်းများ ခန့်ထားမှုတို့ကို ပညာရေးဟု သတ်မှတ်ပါသည်။

**(င) ယဉ်ကျေးမှုနှင့် အနုပညာ**

ယဉ်ကျေးမှုအမွေအနှစ်များ၊ စာပေ၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင်စသည့် ကိစ္စရပ်များကို ယဉ်ကျေးမှုနှင့် အနုပညာဟု သတ်မှတ်ပါသည်။

**(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

မြစ်ချောင်းအင်းအိုင်၊ သစ်တော၊ ဇီဝမျိုးကွဲများနှင့် အခြား သော သဘာဝသယံဇာတများအား ထိန်းသိမ်းခြင်းကို ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဟု သတ်မှတ်ပါသည်။

**(ဆ) နိုင်ငံရေး**

အုပ်ချုပ်ရေး စနစ်သစ်၊ စနစ်ဟောင်းတို့ကြောင့် ဖြစ်ပေါ် လာသော ကိစ္စရပ်များ၊ ပါတီများ၊ ရွေးကောက်ပွဲများနှင့် နီးနွယ် နေသည့် ကိစ္စရပ်များကို နိုင်ငံရေးဟုသတ်မှတ်ပါသည်။

**(ဇ) မြေယာနှင့် အိုးအိမ်**

အိုးအိမ်ခြံမြေတွင် ရင်းနီးမြှုပ်နှံမှု၊ ရောင်းချပေါင်နှံမှု၊ ငှားရမ်း မှုအပါအဝင် မြေယာနှင့် အိုးအိမ်များကို တစ်နည်းနည်းဖြင့် စီမံ ခန့်ခွဲကိုင်တွယ်သုံးစွဲမှုတို့ကို မြေယာနှင့် အိုးအိမ်ဟု သတ်မှတ် ပါသည်။

**(ဈ) အလုပ်သမားအရေး**

အလုပ်သမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများ၊ အလုပ်ရှင် အလုပ်သမားအကြား ပဋိပက္ခများ စသည်တို့ကို အလုပ်သမား အရေးအဖြစ် သတ်မှတ်ပါသည်။

**(ည) စွမ်းအင်**

စွမ်းအင်ပုံစံတစ်မျိုးမျိုးအား ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှု၊ စီမံခန့်ခွဲမှု၊ ဖြန့်ဝေမှုတို့ကို စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

**(ဋ) အုပ်ချုပ်ရေး**

အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားနှင့် တိုက်ရိုက်ပတ်သက်နေသည့် ကိစ္စရပ်များ၊ အုပ်ချုပ်ရေးယန္တရား၏ တိုက်ရိုက်စီမံခန့်ခွဲမှု အောက်တွင်ရှိသော ကိစ္စရပ်များကို အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ် များအဖြစ် သတ်မှတ်ပါသည်။

**(ဌ) သယ်ယူပို့ဆောင်ရေး**

ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုများကို သယ်ယူပို့ဆောင်ရေးဟု သတ်မှတ်ပါသည်။

**(ဍ) စက်မှုလုပ်ငန်း**

ကုန်ထုတ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ စီမံခြင်း၊ ပြုပြင်ပြောင်းလဲခြင်း စသည်တို့ကို စက်မှုလုပ်ငန်းဟု သတ်မှတ်ပါသည်။

**(ဎ) ဝန်ဆောင်မှုလုပ်ငန်း**

သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းတို့မှအပ (ယင်းတို့သည်လည်း ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သော်လည်း ပိုမို အသေးစိတ် သုံးသပ်နိုင်စေရန် ခွဲခြမ်းခဲ့ခြင်း ဖြစ်သည်) အခြားသော အစိုးရနှင့် ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှု လုပ်ငန်းခေါင်းစဉ်အောက်တွင် ထည့်သွင်းထားသည်။

**(ဏ) ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ စီမံခန့်ခွဲမှုများ၊ မူဝါဒများကို ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအဖြစ် ခွဲခြမ်းသတ်မှတ်ပါသည်။

**(တ) ဖွံ့ဖြိုးတိုးတက်ရေး**

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီ၊ အထောက်အပံ့များ၊ ဒေသအလိုက်နှင့် နိုင်ငံအဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေးဟု သတ်မှတ်ပါသည်။

**(ထ) တိုင်းရင်းသားအရေး**

ဗမာတိုင်းရင်းသားအပါအဝင် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တိုင်းရင်းသားများ၏ အရေးကိစ္စများကို တိုင်းရင်းသား အရေးဟု သတ်မှတ်ပါသည်။

**(ဒ) တရားစီရင်ရေး**

တရားရုံးများ၏ လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများမှသည် တရားစီရင်ရေးစနစ်တစ်ခုလုံးနှင့် ပတ်သက်သည့် ကိစ္စများကို တရားစီရင်ရေးဟု သတ်မှတ်ပါသည်။

**(ဓ) ဘာသာရေး**

နိုင်ငံသားတို့၏ ယုံကြည်ကိုးကွယ်မှုနှင့် သက်ဆိုင်သောကိစ္စရပ်များအားလုံးကို ဘာသာရေးဟု သတ်မှတ်ပါသည်။

**(န) အားကစား**

အားကစားနည်းများအား လူထုအကြားပျံ့နှံ့စေရေး၊ အားကစားကွင်းများအား စီမံခန့်ခွဲရေးတို့ကို အားကစားဟု ဖော်ပြပါသည်။

**(ပ) စီးပွားရေး**

ကူးသန်းရောင်းဝယ်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အကျိုးအမြတ်အလို့ငှာ ဆောင်ရွက်သော လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စများကို စီးပွားရေးဟု သတ်မှတ်ပါသည်။

**(ဖ) လူမှုရေး အထောက်အပံ့**

နိုင်ငံသားတိုင်း ဆူကြုံနိမ့်မြင့်မရွေး လူမှုဘဝ တိုးတက်မြင့်မားစေရေး၊ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ရပ်တည်နိုင်ရေး စသည်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် အထောက်အပံ့များကို လူမှုရေးအထောက်အပံ့ဟု သတ်မှတ်ပါသည်။

**(ဗ) အခွန်ကောက်ခံရေး**

အခွန်ကောက်ခံရေး၊ လျှော့ပေါ့ပေးရေးအပါအဝင် အခြား အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုအားလုံးကို အခွန်ကောက်ခံရေးအဖြစ် သတ်မှတ်ပါသည်။

**(ဘ) ငြိမ်းချမ်းရေး**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာ ကိစ္စရပ်များကို ငြိမ်းချမ်းရေးဟု သတ်မှတ်ပါသည်။

**(မ) နိုင်ငံသားများ၏ အခွင့်အရေး**

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့် စသည့် နိုင်ငံသား များ၏ မွေးရာပါ အခွင့်အရေးများနှင့် သက်ဆိုင်သည့်ကိစ္စများကို နိုင်ငံသားများ၏ အခွင့်အရေးဟု သတ်မှတ်ပါသည်။

**(ယ) ဥပဒေပြုရေး**

ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းစသည့် ဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဥပဒေပြုရေးဟု သတ်မှတ်ပါသည်။

## (၃) ရည်ရွယ်ချက်များကို အမျိုးအစားခွဲခြားခြင်း

လွှတ်တော်၏ လုပ်ငန်းဆောင်တာများဖြစ်သည့် ကိုယ်စားပြုမှု၊ အစိုးရအား ထိန်းကျောင်းစိစစ်မှုနှင့် ဥပဒေပြုမှုတို့ကို မေးခွန်းများတွင် ထင်ဟပ်နေခြင်းအား ခွဲခြားသိမြင်နိုင်ရန်အတွက် ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်များကို အောက်ပါ အတိုင်း အမျိုးအစားခွဲခြား ကောက်ယူခဲ့ပါသည်။

**(က) ကိုယ်စားပြုမှု**

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသော ကြယ်ပွင့်ပြ

မေးခွန်းများအနက် မေးမြန်းသူ လွှတ်တော်ကိုယ်စားလှယ်သည် သူ၏မဲဆန္ဒနယ်မှ ပြည်သူတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ကိုယ်စားပြု၍ မေးမြန်းခြင်းကို ကိုယ်စားပြုမေးမြန်းခြင်းဟု သတ်မှတ်ပါသည်။ ဥပမာအားဖြင့် မိုးညှင်းမြို့ရှိ လမ်းများကို ပြုပြင်ပေးရန် မိုးညှင်းမြို့နယ်မဲဆန္ဒနယ် သို့မဟုတ် ကချင်ပြည်နယ်ရှိ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တစ်ခုခုမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းပါက ကိုယ်စားပြုခြင်းအဖြစ် သတ်မှတ်ပါသည်။ ထိုသို့မဟုတ်ပဲ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မိုးညှင်းမြို့ရှိ လမ်းများကို ပြုပြင်ပေးနိုင်ပါမည်လားဟု မေးမြန်းမှုကို ကိုယ်စားပြုရန် ရည်ရွယ်ချက်အဖြစ် မယူဆပဲ၊ အစိုးရအား ထိန်းကျောင်းစိစစ်မှု အဖြစ် ကောက်ယူပါသည်။

**(ခ) အစိုးရအား ထိန်းကျောင်းစိစစ်မှု**

အစိုးရ၏ ရပ်တည်ချက်၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် အုပ်ချုပ်ရေး ယန္တရားနှင့် တိုက်ရိုက်သက်ဆိုင်နေသော အကြောင်းအရာများကို မေးမြန်းခြင်းအား အစိုးရအား ထိန်းကျောင်းစိစစ်မှုအဖြစ် သတ်မှတ်ပါသည်။ ဥပမာအားဖြင့် မေးခွန်းမေးမြန်းသူ လွှတ်တော်ကိုယ်စားလှယ်၏ မဲဆန္ဒနယ်တွင် အစိုးရ စိုက်ပျိုးရေး သိပ္ပံကျောင်းတစ်ကျောင်း ဖွင့်ပေးနိုင်မည်လားဟု မေးမြန်းမှုကို ကိုယ်စားပြုခြင်းဟု သတ်မှတ်သော်လည်း အစိုးရ စိုက်ပျိုးရေး သိပ္ပံများ ပိုမိုများပြားစွာ တိုးချဲ့ ဖွင့်လှစ်ပေးနိုင်ပါမည်လောဟု မေးမြန်းသည့် မေးခွန်းများကိုမူ အစိုးရအား ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်ချက်ဖြင့် မေးမြန်းသည့် မေးခွန်းများအဖြစ် ခွဲခြားသတ်မှတ်ပါသည်။

**(ဂ) ဥပဒေပြုမှု**

လွှတ်တော်သည် အဓိကဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သော်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်သည် ဥပဒေကြမ်းအများစုကို ရေးဆွဲနိုင်သည့် အနေအထားတွင် ရှိနေခြင်း၊ တည်ဆဲဥပဒေများကို လက်တွေ့ကိုင်တွယ် ဖော်ဆောင်နေရခြင်းတို့ကြောင့် ဥပဒေပြုရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းရသည်လည်း ရှိသည်။ အုပ်ချုပ်ရေးယန္တရားကို မေးမြန်းရသည်များရှိသလို၊ ဥပဒေပြုရေးနှင့် ပတ်သက်ပြီး လွှတ်တော်တွင်း မေးမြန်းဖြေကြားရသည်များလည်း ရှိခဲ့သည်။

## ၁.၃.၀။ လေ့လာမှု အတိုင်းအတာ

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်တွင် မြန်မာနိုင်ငံရှိ ပြည် ထောင်စုလွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို ထည့်သွင်းလေ့လာရန် ရွေးချယ်ထားပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လွှတ်တော်များကို စောင့်ကြည့်လေ့လာရန်အတွက်မူ ပြည်ထောင်စုလွှတ်တော်၊ အမျိုး သားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို လေ့လာစောင့် ကြည့်ရေးတွင် ပါဝင်သည့် အင်္ဂါရပ်များ ပြည့်စုံမှသာ စတင်နိုင်မည် ဖြစ်သည်။

ဥပဒေပြုလွှတ်တော်တစ်ရပ်၏ လုပ်ငန်းဆောင်တာများသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့်လည်း ဆက်နွယ်လျက်ရှိသည်ဖြစ်ရာ အသေးစိတ်လေ့လာရန်အတွက် ကျယ်ဝန်းနက်ရှိုင်းသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ဆောင်ရွက်ချက်များကိုသာ လေ့လာခြင်းဖြင့် လုံလောက်မည် မဟုတ်ပါ။ လွှတ်တော်ပြင်ပ၌ မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်ဆံရေး၊ ပါတီအလိုက် ဆောင်ရွက်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ နိုင်ငံရေး တိမ်းညွှတ်မှုနှင့် လွှတ်တော်တစ်ရပ်လုံး၏ နိုင်ငံရေး ပျိုးထောင်နိုင်မှု စသည်တို့ကို သုတေသန ပြုနိုင်လျှင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် များစွာ အကျိုးဖြစ်ထွန်းနိုင်ဖွယ် ရှိပါသည်။

ယခု အစီရင်ခံစာအတွက် အချက်အလက် ကောက်ယူရာတွင် လွှတ်တော်တွင်း၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက် ဖြေဆိုရန် မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းများထဲမှ ဖြေကြား၊ မှတ်တမ်းပြုစုခြင်း ခံရသည့် မေးခွန်းများကိုသာ ထည့်သွင်းတွက်ချက်ထားခြင်း ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်များသည် "လွှတ်တော်ရှိ မေးခွန်း မေးမြန်းခြင်း ဆောင်ရွက်ပုံ အဆင့်ဆင့်" ကို စာမျက်နှာ (၈)တွင် ဖော်ပြထားသည့်အစီအစဉ်များအတိုင်း ဆောင်ရွက်ရသည်ဖြစ်ရာ ယခု ထည့်သွင်းတွက်ချက်ထားသမျှ မေးခွန်းများသည် လွှတ်တော်ကိုယ်စားလှယ်များ အမှန်တကယ် မေးမြန်းရန် ကြိုးစားအားထုတ်ခဲ့သည့် မေးခွန်းအရေအတွက်ထက် လျော့နည်းနေမည်သာ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ရရှိနိုင်သည့် အချက်အလက် အထောက်အထားများကို အခြေခံ၍ ပထမဆုံး ခြေလှမ်းတစ်ခုဖြစ်သော ယခု "အစီရင်ခံစာ အမှတ် (၁) မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ မေးခွန်းများ လေ့လာချက်)" ကို ကိန်းဂဏန်း စာရင်းဇယားများနှင့် ဂရပ်ပုံများအဖြစ် ပြောင်းလဲလျက် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရန် ပြုစုထုတ်ဝေရခြင်း ဖြစ်ပါသည်။

## အခန်း (၂)
## နောက်ခံအချက်အလက်များ

မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားပြီး၊ ထိုလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟု ခေါ်တွင်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးကြောင်း တွေ့ရှိရသည်။ ပြည်သူ့လွှတ်တော်သည် မြို့နယ်တစ်ခုချင်းစီကို အခြေခံ၍ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး၊ အမျိုးသားလွှတ်တော်ကမူ တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုချင်းစီအတွက် ရွေးကောက်ခံ ကိုယ်စားလှယ် ၁၂ ဦးစီဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ထိုလွှတ်တော် နှစ်ရပ်လုံးတွင် ပါဝင်သည့် ရွေးကောက်ခံ ကိုယ်စားလှယ် အရေအတွက် သုံးပုံတစ်ပုံစီကို တပ်မတော်သား ကိုယ်စားလှယ်များ ခန့်အပ်ထည့်သွင်းလိုက်ခြင်းအားဖြင့် ထိုလွှတ်တော်နှစ်ရပ်တွင် ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ အရေအတွက်မှာ ၇၅ ရာခိုင်နှုန်းစီသာ ကျန်ရှိတော့သည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ် ၄၄၀ ဦး၊ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ် ၂၂၄ ဦး၊ စုစုပေါင်း ၆၆၄ ဦးဖြင့် ဖွဲ့စည်းထားသည်။ သို့သော် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိသည့် နယ်မြေများအဖြစ် သတ်မှတ်ချန်လှပ်ခဲ့ခြင်းကြောင့် စတင်ဖွဲ့စည်းခဲ့သည့် လွှတ်တော်များတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၂၅ ဦးတို့သာ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ခဲ့သည်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကိုမူ သတ်မှတ်အရေအတွက်အတိုင်း အပြည့်အဝ ခန့်အပ်ထားခဲ့သည်ကို တွေ့ရှိရသည်။

ထို့ပြင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ၄၆ ဦးသည် အစိုးရအဖွဲ့တွင် ပါဝင်ရန် ရွေးချယ်ခန့်အပ်ခြင်းခံခဲ့ရသည့်အတွက် လွှတ်တော်များအတွင်း ရွေးကောက်ခံ ကိုယ်စားလှယ်ဦးရေသည် အမျိုးသား လွှတ်တော်တွင် ၁၆၂ ဦးနှင့် ပြည်သူ့လွှတ်တော်တွင် ၂၈၅ ဦးထိသို့ ထပ်မံလျော့ကျသွားခဲ့ရသည်။ ယင်းနောက် ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သော်လည်း လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ၄၃ ဦးသာ ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်ဖြစ်ရာ လွှတ်တော်တွင်း ရွေးကောက်ခံကိုယ်စားလှယ်များ၏ အချိုးအစားမှာ မူလသတ်မှတ်ထားသည့် အရေအတွက်ကို ယခုတိုင် ပြည့်မီခဲ့ခြင်း မရှိခဲ့ပါ။ လွှတ်တော် စတင်ခေါ်ယူ သည့် ၃၁ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၁ ခုနှစ်မှစ၍ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးများ ပြီးစီးချိန်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ကွယ်လွန် အနိစ္စရောက်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ရွေးကောက်ခံ လွှတ်

တော်ကိုယ်စားလှယ်များအဖြစ် ဆဌမပုံမှန် လွှတ်တော် အစည်းအဝေးများတွင် တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၁၉ ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၆ ဦး၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်တွင် တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ ကိုယ်စားလှယ်ပေါင်း ၄၈၅ ဦး ကျန်ရှိကြောင်း တွေ့ရပါသည်။

## ၂.၁.၀။ ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်သည် မြန်မာနိုင်ငံရှိ မြို့နယ်တစ်ခုချင်းစီမှ ကိုယ်စားလှယ်တစ်ယောက်စီဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ ဦးတို့ ပါဝင်ရမည်ဟု ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ သတ်မှတ်ထားသည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ၉၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ၃၂၅ ဦး ရွေးကောက်ပွဲ အနိုင်ရခဲ့သည်။

၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ပြည်သူ့လွှတ်တော်သို့ ကိုယ်စားလှယ် ၃၆၂ ဦး (၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ၃၂၅ ဦးနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၃၇ ဦး) ကို ပြည်သူများမှ တိုက်ရိုက်ရွေးကောက် တင်မြှောက်ခဲ့နိုင်ပြီ ဖြစ်သည်။ တပ်မတော်သား ကိုယ်စားလှယ် ၁၇၅ ဦး သည်လည်း ပြည်သူ့လွှတ်တော်တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ခန့်အပ်မှုအရ လာရောက်တာဝန်ထမ်း ဆောင်ခဲ့ဖူးပြီ ဖြစ်သည်။ (အဌမအကြိမ် ပုံမှန် အစည်းအဝေး အထိ) တပ်မတော်သား ကိုယ်စားလှယ် ၆၅ ဦးကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပြုမှုဖြင့် အစားထိုးခန့်အပ်ခဲ့ပြီး ဖြစ်သည်။

ပြည်သူ့လွှတ်တော် ဖွဲ့စည်းရန်အတွက် ကိုယ်စားလှယ်များအား မြို့နယ်တစ်ခုလျှင် တစ်ဦးကျ ရွေးကောက်တင်မြှောက်ရခြင်း ဖြစ်ရာ တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ခုတို့၏ နယ်နိမိတ် အကျယ်အဝန်းနှင့် မြို့နယ်ဖွဲ့စည်းပါဝင်သည့် အရေအတွက် မတူညီမှုကြောင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ အလိုက် ချဉ်းကပ်ကြည့်လျှင် မဲဆန္ဒနယ်အရေအတွက် ကွာခြားပြီး ကိုယ်စားလှယ်ဦးရေလည်း မတူညီချေ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဲဆန္ဒနယ်များ ပါဝင်မှုကို ဇယား (၂-၁) တွင် ဖော်ပြထားပါသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့စဉ်က ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်းမရှိသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅ ခုတွင် ရှမ်းပြည်နယ်၌ ပါဝင်သော ပန်ဆန်းမြို့နယ်၊ နားဖန်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်နှင့် မိုင်းလားမြို့နယ်တို့မှ ကိုယ်စားလှယ်နေရာများ လစ်လပ်ခဲ့သည့်ပြင် ထိုနေ

**ဇယား (၂-၁) ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အရေအတွက်ပြဇယား**

| တိုင်းဒေသကြီးများ | |
|---|---|
| စစ်ကိုင်း | ၃၇ |
| တနင်္သာရီ | ၁၀ |
| ပဲခူး | ၂၈ |
| မကွေး | ၂၅ |
| မန္တလေး | ၃၆ |
| ရန်ကုန် | ၄၅ |
| ဧရာဝတီ | ၂၆ |
| **ပြည်နယ်များ** | |
| ကချင် | ၁၈ |
| ကယား | ၇ |
| ကရင် | ၇ |
| ချင်း | ၉ |
| မွန် | ၁၀ |
| ရခိုင် | ၁၇ |
| ရှမ်း | ၅၅ |

ရာများကို ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်း မရှိချေ။ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်မှ ဗန်းမော်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့တွင် လစ်လပ်ခဲ့သည့် ကိုယ်စားလှယ်နေရာများအတွက် ရွေးကောက်ပွဲ ကျင်းပပေးနိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်တွင် ရှမ်းပြည်နယ်မှ ကိုယ်စားလှယ် ၅၀ ဦးနှင့် ကချင်ပြည်နယ်မှ ၁၅ ဦးတို့သာ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိကြသည်။

၂၀၁၁ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ် နေရာအများဆုံး အနိုင်ရခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်တွင်းမှ ကိုယ်စားလှယ် ၄၀ ဦးကို ခေါ်ယူကာ အစိုးရဖွဲ့ခဲ့သည်။ သို့သော် တပ်မတော် သား ကိုယ်စားလှယ်များ၏ အရေအတွက်မှာ ၁၁၀ ဦး ပုံမှန်ရှိနေသည့်အတွက် ၂၀၁၂ ဧပြီ ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကာလအထိ ပြည်သူ့လွှတ်တော်တွင်းမှ တပ်မတော်သားကိုယ်စားလှယ်များ၏ အချိုးမှာ ၂၇.၈ ရာခိုင်နှုန်းအထိ ရှိနေခဲ့သည်။ ၂၀၁၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ် ငါးခု ရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးကို အစိုးရဖွဲ့ရာတွင်

ခေါ်ယူခဲ့သည့်အတွက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကာလတွင် လစ်လပ်နေရာ ၄၅ နေရာရှိပြီး၊ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေး ကောက်ပွဲတွင် ၃၇ နေရာ ဖြည့်တင်းခဲ့သဖြင့် လစ်လပ်နေရာ ၈ နေရာကျန်ရှိနေသေးသည်။

## ၂.၁.၁။ ပြည်သူ့လွှတ်တော်၌ ပါတီများ ပါဝင်မှု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၁ ခုနှစ် ပြည်သူ့လွှတ်တော်ကို စတင်ဖွဲ့စည်းစဉ်တည်းကပင် လွှတ်တော်ကိုယ်စားလှယ်အများစုပါဝင်သည့် နိုင်ငံရေးပါတီ အဖြစ် ရှိနေသည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ် ၂၁၇ ဦး လွှတ်တော်ထဲသို့ ရွေးကောက်ခံခဲ့ရပြီး ထိုပါတီမှ ကိုယ်စားလှယ်၄၀ဦးအစိုးရတာဝန်ထမ်းဆောင်ရန် ထွက်ခွာသွား ချိန်အထိ ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာ ၄၄.၈ ရာခိုင်နှုန်းကို ဆက်လက် ထိန်းသိမ်းထားနိုင်ဆဲဖြစ်ခဲ့ သည်။ ကြားဖြတ်ရွေးကောက်ပွဲ မတိုင်ခင်အထိ ပြည်သူ့လွှတ် တော်တွင် ကိုယ်စားလှယ်နေရာ ဒုတိယအများဆုံးရခဲ့သည့် ပါတီကြီးနှစ်ခုမှာ ကိုယ်စားလှယ် ၁၈ နေရာရရှိသည့် ရှမ်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ကိုယ်စားလှယ် ၁၂ နေရာ ရရှိသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ ဖြစ်သည်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် ကိုယ်စားလှယ် ၃၇ နေရာ အနိုင်ရရှိ ခဲ့ပြီးနောက်၊ ကိုယ်စားလှယ် အရေအတွက် ၈.၅ ရာခိုင်နှုန်းဖြင့် ဒုတိယမြောက် လွှတ်တော်ကိုယ်စားလှယ် အများဆုံးပါဝင်သည့် ပါတီဖြစ်လာသည်။

## ၂.၁.၂။ ပြည်သူ့လွှတ်တော်၌ ကျား-မ ပါဝင်မှု

ပြည်သူ့လွှတ်တော်တွင် အမျိုးသမီးလွှတ်တော် ကိုယ်စား လှယ် ၁၂ ဦးသာရှိနေသည်။ ၂၀၁၀ ရွေးကောက်ပွဲအပြီး ရွေးကောက်ခံ အမျိုးသမီးကိုယ်စားလှယ်များ၏ ပါဝင်မှုမှာ ၃.၇ ရာခိုင်နှုန်း သာရှိသည်။

ကြားဖြတ်ရွေးကောက်ပွဲအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်မှအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်၁၂ဦးလွှတ်တော်တွင်း ဝင်ရောက်လာသဖြင့် အရေအတွက်အားဖြင့် နှစ်ဆတိုးလာခဲ့ ကာ၊ ပြည်သူ့လွှတ်တော်၏ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုနိုင်လာ သည်။ သို့သော် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်တစ်ဦးမှာ အစိုးရတာဝန်ထမ်းဆောင် ရန် လွှတ်တော်မှ ထွက်ခွာသွားခဲ့သည်။

## ၂.၁.၃။ ပြည်သူ့လွှတ်တော်၌ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်မှု

ရွေးကောက်ခံကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော် တစ်ခုလုံး၏ ၆၈.၅ ရာခိုင်နှုန်းသည် ဗမာတိုင်းရင်းသားများဖြစ်နေသည်ကို တွေ့ရ သည်။ ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များမှာ ၆.၃ ရာခိုင်နှုန်း ဖြင့် ဒုတိယနေရာမှ ရှိနေသည်။ ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်၄.၇ရာခိုင်နှုန်းရှိပြီး၊ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ၁.၈ ရာခိုင်နှုန်းရှိသည်။ မွန်တိုင်းရင်း သားလွှတ်တော် ကိုယ်စားလှယ် ၁.၆ ရာခိုင်နှုန်းရှိကာ၊ ချင်း တိုင်းရင်းသား ကိုယ်စားလှယ် ၁.၄ ရာခိုင်နှုန်းရှိသည်။

ပြည်သူ့လွှတ်တော်တွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ် ခြင်းခံရသည့် တပ်မတော်သား ကိုယ်စားလှယ် ၁၇၅ ဦး ရှိရာ တွင် တပ်မတော်သား ကိုယ်စားလှယ် ၆၅ ဦး သည် မည်သည့် တိုင်းရင်းသား ဖြစ်ကြောင်း အချက်အလက် မရရှိခဲ့ပါ။ တိုင်းရင်း သားဖြစ်မှုနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိခဲ့သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးတွင် ၁၅ ဦးသာ ဗမာ မဟုတ်သည့် အခြားတိုင်းရင်းသားများ ဖြစ်သည်။ တပ်မတော်သားလည်းဖြစ် တိုင်းရင်းသားလည်း ဖြစ်သည့် ကိုယ်စားလှယ်များအနက် ၁၀ ဦးမှာ ရခိုင်တိုင်းရင်းသားများဖြစ် ပြီး ရှမ်းတိုင်းရင်းသား သုံးဦးနှင့် ကရင်တိုင်းရင်းသား တစ်ဦး၊ မွန်တိုင်းရင်းသား တစ်ဦးစီပါဝင်သည်။

လွှတ်တော်တွင်း အကြီးဆုံးပါတီဖြစ်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ဗမာမဟုတ်သည့် တိုင်းရင်း သားအရေအတွက် အများဆုံးရှိနေသည့် ပါတီဖြစ်နေပြီး ထို ပါတီကို ကိုယ်စားပြုနေသည့် ကိုယ်စားလှယ် ၅၅ ဦးမှာ ဗမာ မဟုတ်သည့် တိုင်းရင်းသားများဖြစ်သည်။

ရှမ်းအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရခိုင်အမျိုး သားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့သည်လည်း တိုင်းရင်းသား ကိုယ်စားပြုမှု အများဆုံးရှိနေသည့် ပါတီများဖြစ်သည်။ ရှမ်း အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် ၁၅ ဦး လွှတ်တော်တွင်းရှိနေပြီး၊ ရခိုင်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် ရခိုင်တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ကိုးဦး လွှတ်တော်တွင်း ရှိနေသည်။ မွန်ဒေသလုံး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် မွန်တိုင်းရင်းသား ကိုယ်စား လှယ် သုံးဦး လွှတ်တော်တွင်း ရှိနေသည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ ဗမာမဟုတ်သည့်တိုင်းရင်းသားလွှတ်တော်ကိုယ် စားလှယ် ၄ ဦးရှိသည်။

## ၂.၁.၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး၏ ၈၈.၆ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ပြီး ၅.၅ ရာခိုင် နှုန်းမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ အစ္စလာမ်ဘာသာ ကိုးကွယ်သူ၀.၄ရာခိုင်နှုန်းပါဝင်သည်။ လွှတ်တော်ကိုယ်စားလှယ် ၃၈ ဦး၏ ကိုးကွယ်ရာ ဘာသာကို မသိရှိပါ။

### ၂.၁.၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်

လွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်များကို ကောက်ယူရာတွင် အလုပ်များကို ယေဘုယျ အမျိုးအစားများခွဲခြားပြီး လေ့လာခဲ့ပါသည်။ ယခုကောက်ယူထားသော အလုပ်အကိုင်များမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ သမိုင်းကြောင်းတစ်လျှောက် လွှမ်းမိုးမှုအရှိဆုံး အလုပ်အကိုင်ကိုရယူပြီး စာရင်းကောက်ယူခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် အစိုးရဝန်ထမ်း (အစိုးရအရာရှိဟောင်းများအပါအဝင်) အဖြစ်မှ ရောက်ရှိလာသူ ကိုယ်စားလှယ် ၂၂.၂ ရာခိုင်နှုန်းရှိနေပြီး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင် အဖြစ်မှ လွှတ်တော် ကိုယ်စားလှယ်ဖြစ်လာသူ ၁၆.၁ ရာခိုင်နှုန်းရှိနေသည်။ ရွေးကောက်ခံကိုယ်စားလှယ်များအတွင်း စစ်ဘက်နောက်ခံသက်သက်မှ ကိုယ်စားလှယ်ဖြစ်လာသူ ၅.၇ ရာခိုင်နှုန်းရှိသည်။ အစိုးရဝန်ထမ်းဟောင်းအဖြစ် သတ်မှတ်ခံရသူများတွင် တစ်ချိန်က စစ်ဘက်တာဝန်များကို ထမ်းဆောင်ခဲ့ပြီးနောက် အစိုးရဝန်ထမ်း အရာရှိတာဝန်သို့ ကူးပြောင်းထမ်းဆောင်ခဲ့သူများလည်း ပါဝင်သည်။ ပညာရေးနယ်ပယ်မှ လွှတ်တော်တွင်း ရောက်ရှိလာသူ ၈.၅ ရာခိုင်နှုန်းရှိပြီး၊ ဥပဒေသမား ၃ ရာခိုင်နှုန်း ပါဝင်သည်။

### ၂.၂.၀။ အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် ၁၂ ဦးစီနှုန်းဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိသည့်အတွက် တိုက်ရိုက်ရွေးကောက်ခံ ကိုယ်စားလှယ် ၁၆၈ ဦးရှိနေသည်။ ပြည်သူ့လွှတ်တော်နှင့် အလားတူပင် အမျိုးသားလွှတ်တော်တွင်လည်း စစ်ဘက်မှ တိုက်ရိုက်ခန့်အပ်ခံရသည့် တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေသောကြောင့် ရွေးကောက်ခံကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၅၆ ဦး၊ စုစုပေါင်း ၂၂၄ ဦး ပါဝင်ဖွဲ့စည်းထားသည့် လွှတ်တော်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကာလကပင် ရွေးကောက်ခံကိုယ်စားလှယ် အပြည့်အဝ ဖြည့်ဆည်းနိုင်ခဲ့သည့် အမျိုးသားလွှတ်တော်အတွင်းမှ အစိုးရအဖွဲ့သို့ ကိုယ်စားလှယ် ၆ ဦးတာဝန်ထမ်းဆောင်ရန် ထွက်ခွာသောကြောင့် လစ်လပ်နေခဲ့သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၆ နေရာကို ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ တွင် အပြည့်အဝ ပြန်ဖြည့်နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း အမျိုးသား လွှတ်တော်ရှိ တပ်မတော်သားကိုယ်စားလှယ် အစားထိုးလဲလှယ်မှု တစ်ကြိမ်ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲများနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မြို့ရွာများ ရှိခဲ့သည်။ သို့သော် သတ်မှတ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များတွင် ထိုမြို့ရွာများကို ချန်လှပ်၍ ရွေးကောက်ပွဲကျင်းပကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အပြည့်အဝ ရွေးကောက် တင်မြှောက်နိုင်ခဲ့သည်။

### ၂.၂.၁။ အမျိုးသားလွှတ်တော်၌ ပါတီများ ပါဝင်မှု

၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ရွေးကောက်တင်မြှောက်ခံရပြီး သမ္မတအဖြစ် ထပ်မံရွေးကောက်ခံရသည့် ဦးသိန်းစိန်က အစိုးရဖွဲ့သည့်အခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ခြောက်ဦးကို အစိုးရအဖွဲ့သို့ ခေါ်ယူခဲ့သည်။ အခြားမည်သည့်ပါတီမှ အမျိုးသားလွှတ်တော်တွင် ဆယ်ဂဏန်းပြည့်မီသော လွှတ်တော်ကိုယ်စားလှယ် အရေအတွက် မရှိပေ။ အမျိုးသားလွှတ်တော်တွင်း လွှတ်တော်ကိုယ်စားလှယ် ဒုတိယအများဆုံးပါတီမှာ ရခိုင်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီဖြစ်ပြီး ကိုယ်စားလှယ် ၇ နေရာ ရရှိထားသည်။ ကျန်ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပေါင်းလျှင် အမျိုးသားလွှတ်တော်တစ်ခုလုံး၏ ၁၈ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း တွေ့ရသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော် အခင်းအကျင်းသည် သိသိသာသာ ပြောင်းလဲခြင်းမရှိပဲ လစ်လပ်နေရာ ၆ ခုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄ နေရာ၊ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ တစ်နေရာစီ ပါဝင်လာကြခြင်းသာ ရှိသည်။

### ၂.၂.၂။ အမျိုးသားလွှတ်တော်၌ ကျား-မ ပါဝင်မှု

၉၇.၃ ရာခိုင်နှုန်းသော ကိုယ်စားလှယ်များမှာ အမျိုးသားများဖြစ်ပြီး၊ ၂.၆ ရာခိုင်နှုန်းဖြစ်သည့် ကိုယ်စားလှယ် ၆ နေရာကိုသာ အမျိုးသမီးကိုယ်စားလှယ်များက ရယူထားနိုင်ခဲ့သည်။ ယင်းတို့အနက် ၅ ဦးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှဖြစ်ပြီး၊ တစ်ဦးမှာ အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီမှ ဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမျိုးသမီးကိုယ်စားလှယ်နှစ်ဦးမှာ အစိုးရတာဝန်ထမ်းဆောင်ရန် နုတ်ထွက်သွားသောကြောင့် အမျိုးသားလွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ပါဝင်မှု ၁.၆ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

### ၂.၂.၃။ အမျိုးသားလွှတ်တော်၌ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်မှု

အမျိုးသားလွှတ်တော်တွင်လည်း ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ၆၂.၁ ရာခိုင်နှုန်းဖြင့် ပါဝင်ပြီး၊ ဗမာမဟုတ်သည့် တိုင်းရင်းသားများထဲတွင် ရခိုင်တိုင်းရင်းသားများ (၆

ရာခိုင်နှုန်း)၊ ကရင် (၅.၅ ရာခိုင်နှုန်း)၊ မွန် (၅.၁ ရာခိုင်နှုန်း) နှင့် ရှမ်းတိုင်းရင်းသား (၄.၇ ရာခိုင်နှုန်း ) လွှတ်တော်ကိုယ်စားလှယ်များစသည်ဖြင့် အသီးသီး ရှိကြသည်။ (ကိုယ်စားလှယ် ကိုးဦး၏ တိုင်းရင်းသားဆိုင်ရာ အချက်အလက်များကို မသိရှိပါ။)

လွှတ်တော်တွင်း အင်အားအကြီးဆုံးပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ကိုယ်စားပြုသည့် ကယားရင်းသားလွှတ်တော်ကိုယ်စားလှယ်ကိုးဦး၊ ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၊ ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် လေးဦးနှင့် မွန်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် သုံးဦး အသီးသီးရှိနေသည်။

## ၂.၂.၄။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးအနက် ၂၀၃ဦးမှာဗုဒ္ဓဘာသာကိုကိုးကွယ်သူများ ဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၈၆.၄ ရာခိုင်နှုန်းပါဝင်နေသည်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်သည့် လွှတ်တော်ကိုယ်စားလှယ် ၉.၈ ရာခိုင်နှုန်းရှိပြီး၊ အစ္စလာမ်ဘာသာကို ကိုးကွယ်သူ ၀.၄ ရာခိုင်နှုန်းရှိသည်။

## ၂.၂.၅။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်

အမျိုးသားလွှတ်တော်တွင် စီးပွားရေးလုပ်ငန်းရှင်အဖြစ်မှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာသူများမှာ အများဆုံး အချိုးအစားဖြင့် ပါဝင်ပြီး လွှတ်တော်တစ်ခုလုံး၏ ၂၁.၇ ရာခိုင်နှုန်း အထိ ရှိနေသည်။ ဒုတိယအများဆုံးမှာ ကိုယ်စားလှယ်နေရာ ၁၉.၆ ရာခိုင်နှုန်းကို ရယူထားသည့် အစိုးရဝန်ထမ်း၊ အရာရှိဟောင်းများ ဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် စစ်ဘက်မှ ကူးပြောင်းလာခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ၃.၈ ရာခိုင်နှုန်း ပါဝင်နေသည်။ တကယ့်လက်တွေ့တွင် ၁၉ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များမှာ ယခင်စစ်ဘက် အရာရှိဟောင်းများ ဖြစ်သည်။ ပညာရေးနယ်ပယ်မှလာသော လွှတ်တော်ကိုယ်စားလှယ် ၈.၉ ရာခိုင်နှုန်းရှိနေပြီး၊ ဆေးပညာဘက်နှင့် ဥပဒေပညာဘက်မှ လာသော ကိုယ်စားလှယ် ၅.၁ ရာခိုင်နှုန်းနှင့် ၃.၈ ရာခိုင်နှုန်း အသီးသီး ရှိနေသည်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ကိုယ်စားလှယ် ၄.၃ ရာခိုင်နှုန်း ရှိနေသည်။

### လွှတ်တော်ဥက္ကဋ္ဌက ဖြေကြားခြင်း

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး အတွင်း ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ လယ်သမားများနှင့် အလုပ်သမားများ၏ အခွင့်အရေးကို ဥပဒေပြုကာကွယ်ပေးမှုဆိုင်ရာ မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်တိုင် ဖြေကြားခဲ့သည်။ အဆိုပါမေးခွန်းသည် လွှတ်တော်၏ ပထမ ခြောက်ကြိမ် အတွင်း လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်က ဖြေကြားရသည့် ပထမဆုံးမေးခွန်းဖြစ်သည်။

“ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၅ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှ တင်ပြခဲ့တဲ့ (ဥက္ကဋ္ဌ၏) တင်ပြချက်နဲ့ သက်ဆိုင်တဲ့ အတွက် ဖြေကြားရန် ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ပဲ ယူဆပါတယ်” ဟု ဥက္ကဋ္ဌက ထည့်သွင်းပြောကြားခဲ့သည်။

ဦးဌေးဝင်းသည် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူးဖြစ်သည်။ ထိုနေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်လည်း ပြည်သူ့လွှတ်တော် အစည်းအဝေး တက်ရောက်ခဲ့သည်။

(ကိုးကား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း၊ စာ-၅၃၅၊ လွှတ်တော်ရုံး၊ ၂၀၁၃၊ စက်တင်ဘာ၊ ပထမအကြိမ်။)

### ရန်ကုန်မြို့တော်ဝန် ဖြေကြားခြင်း

ပထမအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး အတွင်း ၂၀၁၁ ခုနှစ် မတ်လ ၂၃ ရက်နေ့က ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်က ရန်ကုန်မြို့တွင်းလမ်းများ ပြန်လည်ပြုပြင်ပေးရေး မေးခွန်းမေးမြန်းရာ ထိုစဉ်က ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းက ထိုမေးခွန်းကို ဖြေကြားခဲ့သည်။

(ကိုးကား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း၊ စာ-၆၁၆၊ လွှတ်တော်ရုံး၊ ပထမအကြိမ်။)

# အခန်း (၃)
# ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်သူ့လွှတ်တော်၌ တင်သွင်းခဲ့သည့် မေးခွန်းများ အရေအတွက်အခြေပြု လေ့လာချက်

ပြည်သူ့လွှတ်တော်တွင် ပထမပုံမှန်အစည်းအဝေးမှ စတင်၍ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးအထိ မေးမြန်းနိုင်ခဲ့သော ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း ၈၃၄ ခု ရှိသည်။ ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေးတွင် မေးခွန်း ၄၆ ခု၊ ဒုတိယ ပုံမှန်အစည်းအဝေးတွင် မေးခွန်း ၃၈ ခု၊ တတိယ ပုံမှန်အစည်း အဝေးတွင် မေးခွန်း ၃၀၈ ခု၊ စတုတ္ထပုံမှန် အစည်းအဝေးတွင် ၁၆၄ ခု၊ပဉ္စမ ပုံမှန် အစည်းအဝေးတွင် မေးခွန်း ၈၄ ခု၊ ဆဋ္ဌမ ပုံမှန်အစည်းအဝေးတွင် ၁၉၂ ခု အသီးသီး ရှိကြသည်ကို တွေ့ရသည်။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများ ကျင်းပခဲ့သည့် ရက်ပေါင်းမှာ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ စုစုပေါင်း ၁၇၃ ရက်ရှိခဲ့သည့်အတွက် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် မေးခွန်း ၅ ခုခန့် မေးမြန်းနိုင်ခဲ့သည်ဟု ယူဆရမည် ဖြစ်သည်။ ထိုပျမ်းမျှနှုန်းအောက် နည်းပါးသည့်လွှတ်တော် ပုံမှန်အစည်း အဝေးများနှင့် ပျမ်းမျှထက် ပိုမိုသည့် လွှတ်တော်ပုံမှန် အစည်း အဝေးများကိုလည်း ဇယား (၃-၁) တွင် နှိုင်းယှဉ်ကြည့် ရှုနိုင်မည် ဖြစ်သည်။

ထို့ပြင် တစ်ရက်အတွင်း မေးခွန်းအများဆုံး မေးမြန်းမှု အဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၄ ခု မေးမြန်းခဲ့သည့်မှာ တစ်ရက်သာ ရှိခဲ့ သည်။ ထိုရက်မှာ ၂၀၁၁ ခုနှစ်သြဂုတ်လ ၂၄ ရက်နေ့ (ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပနေချိန်အတွင်း) က ဖြစ်သည်။

**ဇယား (၃-၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်း အရေအတွက်နှင့် ပျမ်းမျှနှိုင်းယှဉ်ချက်**

| | ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | အစည်းအဝေး ကျင်းပသည့် ရက်ပေါင်း | တစ်ရက်ချင်း ပျမ်းမျှ မေးခွန်း အရေအတွက် |
|---|---|---|---|
| ပထမအကြိမ် | ၄၆ | ၁၄ | ၃.၃ ↓ |
| ဒုတိယအကြိမ် | ၃၈ | ၅၁ | ၀.၇ ↓ |
| တတိယအကြိမ် | ၃၀၈ | ၂၃ | ၁၃.၄ ↑ |
| စတုတ္ထအကြိမ် | ၁၆၄ | ၄၀ | ၄.၁ ↓ |
| ပဉ္စမအကြိမ် | ၈၄ | ၁၅ | ၅.၆ ↑ |
| ဆဋ္ဌမအကြိမ် | ၁၉၂ | ၃၀ | ၆.၄ ↑ |
| စုစုပေါင်း | ၈၃၄ | ၁၇၃ | (ပျမ်းမျှ) ၄.၈ |

ပထမအကြိမ်မှ ဆဋ္ဌမ အကြိမ်အထိ ပုံမှန်အစည်းအဝေး များအတွင်း မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၈၃၄ ခုရှိရာ ပြည်သူ့ကိုယ်စားလှယ်ဦးရေကို ၄၄၀ ဦးဟု ယူဆတွက် ချက်လျှင် တစ်ဦးလျှင် ပျမ်းမျှအားဖြင့် မေးခွန်း ၁.၉ ခုနှုန်း မေး မြန်းခဲ့သည်ဟု ဆိုရမည်။ ပြည်သူ့လွှတ်တော် နည်းဥပဒေ အရ သတ်မှတ် ပြဋ္ဌာန်းမှုမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးသည် လွှတ်တော် ပုံမှန်အစည်းအဝေး တစ်ကြိမ်အတွင်း

**ဇယား (၃-၂) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးခွန်း ဆယ်ခုအထက် မေးမြန်းခဲ့သည့် ကိုယ်စားလှယ်များ**

| လွှတ်တော် ကိုယ်စားလှယ် အမည် | ကိုယ်စားပြု မဲဆန္ဒနယ် | မေးခွန်း အရေ အတွက် |
|---|---|---|
| ဦးသိန်းညွန့် | သဃ်္ဘန်းကျွန်း (ရန်ကုန်တိုင်းဒေသကြီး) | ၂၆ |
| ဦးတင်မောင်ဦး | ရွှေပြည်သာ (ရန်ကုန်တိုင်းဒေသကြီး) | ၁၉ |
| ဦးမြင့်စိုး | ပျော်ဘွယ် (မန္တလေးတိုင်းဒေသကြီး) | ၁၈ |
| ဦးသိန်းထွန်းဦး | အမရပူရ (မန္တလေးတိုင်းဒေသကြီး) | ၁၅ |
| ဒေါက်တာသန်းဝင်း | မြောက်ဥက္ကလာပ (ရန်ကုန်တိုင်းဒေသကြီး) | ၁၃ |
| ဒေါ်နန်းဝါနု | ကွန်ဟိန်း (ရှမ်းပြည်နယ်) | ၁၁ |
| ဦးအောင်ဆန်း | ပန်းဘဲတန်း (ရန်ကုန်တိုင်းဒေသကြီး) | ၁၁ |
| ဦးအောင်သိန်းလင်း | တောင်ဥက္ကလာပ (ရန်ကုန်တိုင်းဒေသကြီး) | ၁၁ |
| ဦးအေးမောင် | မလှိုင် (မန္တလေးတိုင်းဒေသကြီး) | ၁၁ |
| ဦးခင်မောင်ရီ | အလုံ (ရန်ကုန်တိုင်းဒေသကြီး) | ၁၁ |
| ဦးစိုးစိုး | ထီးချိုင့် (စစ်ကိုင်းတိုင်းဒေသကြီး) | ၁၁ |
| ဦးအောင်ဇင် | ပုဇွန်တောင် (ရန်ကုန်တိုင်းဒေသကြီး) | ၁၀ |

မေးခွန်း အများဆုံး ၁၀ ခုအထိ မေးမြန်းခွင့်ရှိသည်။ သို့သော် လွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မေးမြန်းသူ ၂၃၈ ဦးရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတည်းမှ ကြယ်ပွင့်ပြမေးခွန်း ၂၆ ခု အများဆုံး မေးမြန်းခဲ့သည်။ ကြယ်ပွင့်ပြမေးခွန်း ၁၀ ခု နှင့် ၁၀ ခုအထက် မေးမြန်းခဲ့သူများ စာရင်းကို ဇယား (၃- ၂)တွင် ဖော်ပြထားပါသည်။

ကြယ်ပွင့်ပြ မေးခွန်း ၈ ခု မေးမြန်းသူ ၇ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၇ ခု မေးမြန်းသူ ၇ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၆ ခု မေးမြန်းသူ ၁၆ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၅ ခု မေးမြန်းသူ ၁၇ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၄ ခု မေးမြန်းသူ ၂၅ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၃ ခု မေးမြန်းသူ ၃၉ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၂ ခု မေးမြန်းသူ ၄၉ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း တစ်ခုတည်း မေးမြန်းသူ ၆၆ ဦး

ရှိခဲ့ကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ် ပုံမှန် အစည်းအဝေးများအတွင်း ရွေးကောက်တင်မြှောက်ခံရဖူးသူများ အားလုံး (၃၆၂ ဦး) နှင့် တပ်မတော်သား ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရဖူးသူ အားလုံး (၁၇၅ ဦး) တို့အနက် မေးခွန်း လုံးဝမေးမြန်းခဲ့ဖူးခြင်းမရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ပေါင်း ၃၀၉ ဦး ရှိနေခဲ့ပါသည်။

ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးအတွင်းက

**တပ်မတော်သားကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု**

လွှတ်တော်သုံးရပ်အစည်းအဝေးများ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိတွင် တပ်မတော်သား ကိုယ်စားလှယ်နှစ်ဦးက ကြယ်ပွင့်ပြ မေးခွန်းနှစ်ခုမေးမြန်းခဲ့သည်။

ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးအတွင်း ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်တွင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်မိုးက ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်လာရောက်ဖြေကြားခဲ့သည်။ ၎င်းသည် လွှတ်တော်သက်တမ်းတစ်လျှောက် ပထမဆုံး မေးခွန်းမေးမြန်းသည့် တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သည်။

အမျိုးသားလွှတ်တော် ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး အတွင်း ၂၀၁၃ ခုနှစ် မတ်လ ၁၉ ရက်၌ ဗိုလ်မှူးမင်းရဲထွေးက "ရန်ကုန်-မန္တလေးယာဉ်လမ်းဟောင်းအား အဆင့်မြှင့်တင်ပေးရန်" ရှိ/မရှိ မေးမြန်းခဲ့သည်။ "ယာဉ်လမ်းဟောင်းအား ကုန်တင်ယာဉ်ကြီးများနှင့် ၎င်းလမ်းပေါ်ရှိ မြို့ရွာများမှ ယာဉ်ငယ်များ အသုံးပြုလျက်ရှိသဖြင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်တိုက်မှု နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေခြင်းတို့ကြောင့်" မေးမြန်းရခြင်းဖြစ်ကြောင်း ၎င်းက မေးခွန်းမေးမြန်းရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါမေးခွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လာရောက်ဖြေကြားရာတွင် ရန်ကုန်-မန္တလေး လမ်းဟောင်းကို "တိုးချဲ့တဲ့အခါမှာ စီမံချက်ရေးဆွဲပြီးတော့ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်" ဆောင်ရွက်သွားမည်ဟု ဖြေကြားခဲ့သည်။

(ကိုးကား၊ ပထမအကြိမ် အမျိုးသား လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း၊ စာ-၇၁၉-၇၂၉၊ လွှတ်တော်ရုံး၊ ၂၀၁၃၊ စက်တင်ဘာ၊ ပထမအကြိမ်။)

တပ်မတော်သား ကိုယ်စားလှယ် တစ်ဦးက မေးခွန်းတစ်ခု တင်သွင်းမေးမြန်းခဲ့သည်က လွဲ၍ လွှတ်တော် ပထမပုံမှန် အစည်းအဝေးများမှ စ၍ ဆဋ္ဌမ ပုံမှန် အစည်းအဝေးများတိုင်အောင် နောက်ထပ် မေးခွန်းမေးမြန်းခဲ့သည့် တပ်မတော်သား ကိုယ်စားလှယ် မရှိခဲ့သည်ကို တွေ့ရပါသည်။ (တစ်နည်းအားဖြင့် ပြည်သူ့လွှတ်တော်ဆဋ္ဌမ ပုံမှန် အစည်းအဝေးထိ ရွေးချယ်ခန့်အပ်ခြင်း ခံရဖူးသည့် တပ်မတော်သား ကိုယ်စားလှယ် ၁၇၅ ဦးတွင် ကျန် ၁၇၄ ဦးသည် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းခဲ့ဖူးခြင်း မရှိပေ။) အလားတူပင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဆဋ္ဌမပုံမှန် အစည်းအဝေးများအထိ ကြယ်ပွင့်ပြ မေးခွန်း လုံးဝမေးမြန်းခဲ့ဖူးခြင်းမရှိသူ ၁၃၅ ဦး ရှိသည်ဟု တွေ့ရသည်။


## ၃.၁.၀။ ပြည်သူ့လွှတ်တော်အတွင်း ကြယ်ပွင့်ပြ မေးခွန်းများအား နှိုင်းယှဉ်လေ့လာမှုများ

ပြည်သူ့လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်သွင်းမှုများကို လေ့လာရာတွင် မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း၊ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း၊ နိုင်ငံရေးပါတီ ကိုယ်စားပြုမှုကို လေ့လာခြင်း၊ ကိုယ်စားပြုဒေသ ခွဲခြားလေ့လာခြင်း၊ ကြယ်ပွင့်ပြ မေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍကို လေ့လာခြင်း၊ ရည်ရွယ်ချက်များကို လေ့လာခြင်း၊ မေးခွန်းများအား တုန့်ပြန်ဖြေကြားမှု အမျိုးအစားများကို လေ့လာခြင်းဟု ချဉ်းကပ်လေ့လာထားပါသည်။

## ၃.၁.၁။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း

ပြည်သူ့လွှတ်တော် အစည်းအဝေး ခြောက်ကြိမ်တွင် ကြယ်ပွင့်ပြမေးခွန်း ၈၃၄ ခု မေးမြန်းခဲ့ရာ အမျိုးသားများကမေးမြန်းသည့် မေးခွန်း ၇၈၃ ခုရှိခဲ့ပြီး၊ အမျိုးသမီးများက မေးမြန်းခဲ့သည့်

### ပြည်သူ့လွှတ်တော်




**ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ကျား-မ အလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှု အချိုးအစားပြ သရုပ်ဖော်ပုံ**

မေးခွန်း ၅၁ ခု မေးမြန်းခဲ့သည်။ အမျိုးသားများ၏ မေးခွန်း မေးမြန်းသည့် ရာခိုင်နှုန်းမှာ ၉၃.၉ ရာခိုင်နှုန်းဖြစ်သည်။ လွှတ်တော်တွင်း အမျိုးသမီးလွှတ်တော်အမတ်များ၏ ကိုယ်စားပြုမှုမှာ ၅ ရာခိုင်နှုန်း ဖြစ်သည့်အတွက် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းမှုများတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု အရေအတွက်မှာ နည်းပါးသည်ဟု မြင်စရာ ဖြစ်နေသော်လည်း အချိုးအစား (ရာခိုင်နှုန်း) အားဖြင့်မူ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ ရရှိထားသည့် နေရာများနှင့် များစွာ ကွာဟခြင်း မရှိသည်ကို တွေ့မြင်ရပါသည်။

ပြည်သူ့လွှတ်တော်ရှိ အမျိုးသမီးကိုယ်စားလှယ်များ လုံးဝ မေးခွန်းမေးမြန်းခဲ့ဖူးခြင်း မရှိသည်မှာ ပထမပုံမှန်အစည်းအဝေး ကာလအတွင်း ဖြစ်ပြီး ရာခိုင်နှုန်းအရ မေးခွန်းမေးမြန်းမှု အများဆုံးမှာ ဒုတိယပုံမှန် အစည်းအဝေးကာလအတွင်းက ဖြစ်သည်။

**ဇယား (၃-၃) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်း အရေအတွက်ကို ကျား-မ အလိုက် ခွဲခြားလေ့လာသည့် ဇယား**

| | ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | အမျိုးသား ကိုယ်စားလှယ်များ၏ မေးခွန်း | | အမျိုးသမီး ကိုယ်စားလှယ်များ၏ မေးခွန်း | |
|---|---|---|---|---|---|
| | | အရေအတွက် | ရာခိုင်နှုန်း | အရေအတွက် | ရာခိုင်နှုန်း |
| ပထမအကြိမ် | ၄၆ | ၄၆ | ၁၀၀% | ၀ | ၀ |
| ဒုတိယအကြိမ် | ၃၈ | ၃၅ | ၉၂.၁% | ၃ | ၇.၉ |
| တတိယအကြိမ် | ၃၀၈ | ၂၈၇ | ၉၃.၂% | ၂၁ | ၆.၈ |
| စတုတ္ထအကြိမ် | ၁၆၄ | ၁၅၃ | ၉၃.၃% | ၁၁ | ၆.၇ |
| ပဉ္စမအကြိမ် | ၈၄ | ၇၉ | ၉၄.၀% | ၅ | ၆.၀ |
| ဆဋ္ဌမအကြိမ် | ၁၉၂ | ၁၈၁ | ၉၄.၃% | ၁၁ | ၅.၇ |
| စုစုပေါင်း | ၈၃၄ | ၇၈၃ | ၉၃.၉% | ၅၁ | ၆.၁ |

အမျိုးသမီးကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု ရာခိုင်နှုန်းသည် တတိယပုံမှန်အစည်းအဝေးမှစတင်၍ ဖြည်းဖြည်းချင်း ပြန်လည်ကျဆင်းသွားခဲ့သည်။

လွှတ်တော်ပုံမှန်အစည်းအဝေး တစ်ကြိမ်ချင်းစီအတွင်း လွှတ်တော်ကိုယ်စားလှယ်ကျား-မ ဖြစ်မှုအရ မေးခွန်းမေးမြန်းမှုများလာခြင်း၊ နည်းပါးသွားခြင်းကို ဇယား (၃-၃) အရ သိရှိနိုင်သည်။

### ၃.၁.၂။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း

ကောက်ယူခဲ့သည့် အချက်အလက်များထဲတွင် တိုင်းရင်းသားဆိုင်ရာ အချက်အလက် ကောက်ယူနိုင်ခဲ့ခြင်း မရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၆ ဦးတို့ထဲမှ ကြယ်ပွင့်ပြ မေးခွန်း ၅ ခု မေးမြန်းခဲ့ကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ပြည်သူ့လွှတ်တော် ပထမ အကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန် အစည်းအဝေးများအတွင်း မေးမြန်း ဖြေကြားခဲ့သည့် ကျန်ကြယ်ပွင့်ပြ မေးခွန်း ၈၂၉ ခု၏ တိုင်းရင်းသားအလိုက် မေးခွန်းများကို လေ့လာကြည့်လျှင် ဗမာတိုင်းရင်းသားများက ကြယ်ပွင့်ပြ မေးခွန်း ၅၇၆ ခုထိ အများဆုံး မေးမြန်းခဲ့သည်ကို တွေ့ရသည်။ ရှမ်းတိုင်းရင်းသားများက ကြယ်ပွင့်ပြမေးခွန်း ၇၆ ခုဖြင့် ဒုတိယအများဆုံး၊ ရခိုင်တိုင်းရင်းသား များက ကြယ်ပွင့်ပြမေးခွန်း ၄၈ ခုဖြင့် တတိယအများဆုံး မေးမြန်းခဲ့ကြသည်ကို တွေ့ရသည်။ လွှတ်တော်ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မေးခွန်း ငါးခုနှင့် ငါးခုအထက် မေးမြန်းခဲ့သည့် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးအကြိမ်အလိုက် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းမှုများကို နှိုင်းယှဉ်ကြည့်နိုင်ရန် ဇယား (၃.၄) တွင် ဖော်ပြထားပါသည်။


အစည်းအဝေး ခြောက်ကြိမ်အတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း လေးခု မေးမြန်းခဲ့သည့် တိုင်းရင်းသား ငါးမျိုးမှာ လေရှီး၊ တိုင်းလိုင်၊ အင်း၊ ကယား နှင့် ကိုးကန့် တိုင်းရင်းသားများ ဖြစ်သည်။ အစည်းအဝေးခြောက်ကြိမ်အတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း သုံးခု မေးမြန်းခဲ့သည့် တိုင်းရင်းသား သုံးမျိုးမှာ ခူပီးချင်း၊ ရှမ်း-ပအိုဝ့်နှင့် ဝတိုင်းရင်းသားများ ဖြစ်သည်။ အစည်းအဝေးခြောက်ကြိမ်အတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း နှစ်ခု မေးမြန်းခဲ့သည့် တိုင်းရင်းသား သုံးမျိုး မှာ လားဟူ၊ ဗမာ-တရုတ်နှင့် ပလောင် တိုင်းရင်းသားများ ဖြစ်သည်။ အစည်းအဝေးခြောက်ကြိမ်အတွင်း ကြယ်ပွင့်ပြမေးခွန်း တစ်ခု မေးမြန်းခဲ့သည့် တိုင်းရင်းသားသုံးမျိုးမှာ ဂျိန်းဖော၊ လီဆူးနှင့် လောဝေါ် တိုင်းရင်းသားများ ဖြစ်သည်။

ကြယ်ပွင့်ပြမေးခွန်း ၈၃၄ ခု အနက် ၅၇၆ ခုမှာ ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများဖြစ်ရာ မေးခွန်းအားလုံး၏ ၆၉.၁ ရာခိုင်နှုန်းကို မေးမြန်းနိုင်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ရှမ်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုမှာ ၉.၅ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး၊ ရခိုင်တိုင်းရင်းသားများ ၅.၇၅ ရာခိုင်နှုန်းကို မေးမြန်းခဲ့ကြောင်း တွေ့ရသည်။

**ဇယား (၃-၄) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ တိုင်းရင်းသားအလိုက် ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ငါးခုနှင့်အထက် မေးမြန်းမှု ဇယား**

| | ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | | | | |
|---|---|---|---|---|---|---|
| | ပထမအကြိမ် | ဒုတိယအကြိမ် | တတိယအကြိမ် | စတုတ္ထအကြိမ် | ပဉ္စမအကြိမ် | ဆဋ္ဌမအကြိမ် | စုစုပေါင်း |
| ဗမာ | ၁၃ | ၃၁ | ၂၂၀ | ၁၂၄ | ၅၉ | ၁၂၉ | ၅၇၆ |
| ရှမ်း | ၈ | ၃ | ၂၉ | ၆ | ၆ | ၂၇ | ၇၉ |
| ရခိုင် | ၁၀ | ၀ | ၁၃ | ၆ | ၄ | ၁၅ | ၄၈ |
| ကရင် | ၃ | ၀ | ၅ | ၃ | ၁ | ၄ | ၁၆ |
| ချင်း | ၀ | ၀ | ၇ | ၅ | ၁ | ၃ | ၁၆ |
| ရဝမ် | ၂ | ၀ | ၆ | ၀ | ၂ | ၀ | ၁၀ |
| နာဂ | ၀ | ၀ | ၂ | ၃ | ၄ | ၁ | ၁၀ |
| မွန် | ၀ | ၀ | ၃ | ၃ | ၀ | ၃ | ၉ |
| ပအိုဝ့် | ၀ | ၀ | ၀ | ၃ | ၀ | ၆ | ၉ |
| ဗမာ-ထားဝယ် | ၄ | ၀ | ၀ | ၁ | ၀ | ၂ | ၇ |
| ရှမ်း-ဗမာ | ၁ | ၀ | ၂ | ၀ | ၃ | ၀ | ၆ |
| ဓနု | ၀ | ၃ | ၁ | ၁ | ၀ | ၀ | ၅ |

ပြည်သူ့လွှတ်တော်




**ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ တိုင်းရင်းသားအလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှု အချိုးအစားပြ သရုပ်ဖော်ပုံ**

## ၃.၁.၃။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြု နိုင်ငံရေးပါတီများကို လေ့လာခြင်း

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဖြင့် လွှတ်တော်အခင်းအကျင်းထဲသို့ နိုင်ငံရေးပါတီများ ဝင်ရောက်လာနိုင်ခဲ့သည်။ ထို့နောက် အစိုးရအဖွဲ့ ဖွဲ့စည်းရာမှ လွှတ်တော်ကိုယ်စားလှယ်များကို အစိုးရ ရာထူးများ ခန့်အပ်ခဲ့သဖြင့် လစ်လပ်သွားခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် နေရာများတွင် ထပ်မံဖြည့်တင်းရန် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲကို ထပ်မံကျင်းပခဲ့ရာ တပ်မတော်သားကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ ရွေးကောက်ခံ ကိုယ်စားလှယ်များမှ လွဲ၍ ယခုအချိန်ထိ ပြည်သူ့လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်များသည် နိုင်ငံရေးပါတီ ၁၆ ခုမှ ဖြစ်သည်။ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ကြယ်ပွင့်ပြမေးခွန်းများ တင်သွင်းမေးမြန်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဇယား (၃- )တွင် ပါရှိသည့် နိုင်ငံရေးပါတီ ၁၄ ခုနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်၊ တပ်မတော်သား ကိုယ်စားလှယ်များထံမှ ဖြစ်သည်။ ထိုဇယားတွင် ပါတီအသီးသီးမှ လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော် ပုံမှန်အစည်းအဝေးအလိုက် တင်သွင်းမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းအရေအတွက်များကို မြင်တွေ့နိုင်မည် ဖြစ်သည်။ ဇယား၌ ဖော်ပြထားသော နိုင်ငံရေးပါတီများထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီတစ်ခုတည်းသာ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကာလ နောက်ပိုင်း ၂၀၁၂ ခုနှစ်၊ မေ ၂ ရက်တွင် ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့တွင် စတင်၍ လွှတ်တော်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

မေးခွန်းမေးမြန်းမှု အများဆုံး ပြုလုပ်ထားနိုင်သည့်ပါတီမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး(USDP) ပါတီဖြစ်ပြီး လွှတ်တော်အစည်းအဝေးခြောက်ကြိမ်အတွင်း မေးခွန်းအားလုံး၏ ၆၈.၆ ရာခိုင်နှုန်းကို မေးမြန်းထားသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရေအတွက်သည် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲရလဒ်အရ ၂၅၉ နေရာရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်အတွင်း ၄၀ ဦး၊ ၂၀၁၂ ခုနှစ်တွင် တစ်ဦးနှင့် ၂၀၁၃ ခုနှစ်တွင် တစ်ဦး အသီးသီး လစ်လပ်လျော့ပါးသွားသည့်အတွက် ၂၁၇ ဦးသာကျန်ရှိတော့သည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်အတွင်း ရှိရမည့် စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၄၄၀ ဦးကို အခြေခံထား တွက်ချက်မည် ဆိုလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကိုယ်စားပြုမှုမှာ ၄၉.၃၁ ရာခိုင်နှုန်းရှိသည်။ ဒုတိယမေးခွန်းအများဆုံး မေးမြန်းထားသည့် ပါတီမှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဖြစ်ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မေးခွန်းစုစုပေါင်း၏ ၉.၉၅ ရာခိုင်နှုန်းကို မေးမြန်းထားသည်။ အမျိုးသား ဒီမိုကရေစီအင်အားစု (NDF)ပါတီ၏ ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားလှယ်ပါဝင်မှုမှာ ၁.၈ ရာခိုင်နှုန်း ဖြစ်သည်။ တတိယ မေးခွန်းအများဆုံး မေးမြန်းထားသည့်ပါတီမှာ လွှတ်တော်တွင်း ကိုယ်စားပြုမှု ၄.၁ ရာခိုင်နှုန်းရှိသည့် ရှမ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဖြစ်ပြီး မေးခွန်းအားလုံး၏ ၆.၆ ရာခိုင်နှုန်းကို မေးမြန်းထားသည်။

လွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်းတွင် ကရင်ပြည်သူ့ပါတီ (KPP) နှင့် စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီ

**ဇယား (၃-၄) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ တိုင်းရင်းသားအလိုက် ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ငါးခုနှင့်အထက် မေးမြန်းမှု ဇယား**

| | ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|
| | ပထမ အကြိမ် | ဒုတိယ အကြိမ် | တတိယ အကြိမ် | စတုတ္ထ အကြိမ် | ပဉ္စမ အကြိမ် | ဆဋ္ဌမ အကြိမ် | စုစုပေါင်း |
| USDP | ၁၄ | ၂၁ | ၂၃၂ | ၁၁၇ | ၆၆ | ၁၂၂ | ၅၇၂ |
| NDF | ၆ | ၁၀ | ၂၁ | ၂၁ | ၇ | ၁၈ | ၈၃ |
| SNDP | ၁၁ | ၃ | ၁၉ | ၁ | ၄ | ၁၇ | ၅၅ |
| RNDP | ၅ | ၀ | ၉ | ၃ | ၂ | ၁၁ | ၃၀ |
| NUP | ၂ | ၄ | ၁၀ | ၆ | ၁ | ၀ | ၂၃ |
| PDP | ၃ | ၀ | ၃ | ၂ | ၁ | ၃ | ၁၂ |
| NLD | ၀ | ၀ | ၀ | ၁ | ၁ | ၁၀ | ၁၂ |
| PNO | ၀ | ၀ | ၀ | ၃ | ၀ | ၆ | ၉ |
| CNP | ၀ | ၀ | ၄ | ၂ | ၀ | ၁ | ၇ |
| တစ်သီးပုဂ္ဂလ | ၄ | ၀ | ၀ | ၁ | ၀ | ၂ | ၇ |
| INDP | ၀ | ၀ | ၂ | ၁ | ၁ | ၂ | ၆ |
| CDP | ၁ | ၀ | ၀ | ၄ | ၀ | ၁ | ၆ |
| MDP | ၀ | ၀ | ၂ | ၂ | ၀ | ၁ | ၅ |
| WDP | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၅ |
| တပ်မတော်သားကိုယ်စားလှယ် | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| TPNP | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |

ပါတီ - ကချင်ပြည်နယ် (UDP) တို့မှ လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားမှုကို မတွေ့ခဲ့ရပါ။

ပြည်သူ့လွှတ်တော်တွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တစ်ဦးရှိရာ ပထမပုံမှန်အစည်းအဝေးအတွင်း ကြယ်ပွင့်ပြမေးခွန်း ၄ ခု၊ စတုတ္ထအကြိမ်တွင် ၁ ခု၊ ဆဋ္ဌမအကြိမ်တွင် ၂ ခု၊ စုစုပေါင်း ၇ ခုမေးမြန်းခဲ့ကြောင်း တွေ့ရသည်။

### ၃.၁.၄။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း

ပြည်သူ့လွှတ်တော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းအများဆုံး မေးမြန်းထားကြပြီး မေးခွန်းစုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းကို မေးမြန်းထားသည်။ ဒုတိယအများဆုံးရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုဖြစ်ပြီးဖြစ်ပြီး၊ တတိယအများဆုံးမှာ မန္တလေးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုဖြစ်သည်။

အခန်း (၂) တွင် လွှတ်တော်များဆိုင်ရာ နောက်ခံအချက်အလက်များကို ဖော်ပြစဉ်က ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်း မရှိသောကြောင့် လစ်လပ်မဲဆန္ဒနယ်များရှိနေခဲ့ကြောင်းကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူ့လွှတ်တော်အတွင်း တစ်ပြေးညီပါဝင်ခြင်း မဟုတ်သည့်အတွက် တိုင်းဒေသကြီး တစ်ခုချင်းစီ ပြည်နယ် တစ်ခုချင်းစီမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူ့လွှတ်တော်အတွင်း ပါဝင်မှု အချိုးအစားကို ရာခိုင်နှုန်းဖြင့် ဇယား (၃- ) တွင် ဖော်ပြထားသည်။ ထိုသို့ဖော်ပြရာတွင် ပြည်သူ့လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ် စုစုပေါင်း အရေအတွက်အား ရွေးကောက်ပွဲ မကျင်းပနိုင်သဖြင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများမှ ကိုယ်စားလှယ်များ၏ အရေအတွက်၊ ကွယ်လွန် (သို့မဟုတ်) နုတ်ထွက်သွားသော လွှတ်တော်ကိုယ်စားလှယ်များ၏ အရေအတွက်ကို ထည့်သွင်းတွက်ချက်ရန်မှာ ထိုအရေအတွက်များ၏ အမြဲမပြတ် ပြောင်းလဲနေမှုကြောင့် မဲဆန္ဒနယ် ၃၃၀ ပါဝင်သည့် ပြည်သူ့လွှတ်တော်

**ဇယား (၃-၅) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှုဇယား**

| | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် | | |
|---|---|---|---|
| | မေးမြန်းခဲ့သည့် မေးခွန်းစုစုပေါင်း | မေးခွန်း အချိုးအစား (%) | လွှတ်တော်တွင်း ပါဝင်မှု (%) |
| ရန်ကုန် (၄၅) | ၂၁၆ | ၂၅.၈၉ | ၁၃.၆၃ |
| ရှမ်း (၅၅) | ၁၂၉ | ၁၅.၄၆ | ၁၆.၆၆ |
| စစ်ကိုင်း (၃၇) | ၉၉ | ၁၁.၈၇ | ၁၁.၂၁ |
| မန္တလေး (၃၆) | ၉၃ | ၁၁.၁၅ | ၁၀.၉၀ |
| ပဲခူး (၂၈) | ၆၉ | ၈.၂၇ | ၈.၄၈ |
| ရခိုင် (၁၇) | ၆၂ | ၇.၄၃ | ၅.၁၅ |
| ဧရာဝတီ (၂၆) | ၃၅ | ၄.၁၉ | ၇.၈၇ |
| ကချင် (၁၈) | ၃၂ | ၃.၈၃ | ၅.၄၅ |
| ချင်း (၉) | ၂၂ | ၂.၆၃ | ၂.၇၂ |
| မကွေး (၂၅) | ၂၁ | ၂.၅၁ | ၇.၅၇ |
| ကရင် (၇) | ၁၉ | ၂.၂၇ | ၂.၁၂ |
| မွန် (၁၀) | ၁၄ | ၁.၆၇ | ၃.၀၃ |
| တနင်္သာရီ (၂၀) | ၁၂ | ၁.၄၃ | ၆.၀၆ |
| ကယား (၇) | ၁၀ | ၁.၁၉ | ၂.၁၂ |

**ဇယား (၃-၆) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ လွှတ်တော်အစည်းအဝေး တစ်ကြိမ်စီအလိုက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှုဇယား**


| | ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|
| | ပထမအကြိမ် | ဒုတိယအကြိမ် | တတိယအကြိမ် | စတုတ္ထအကြိမ် | ပဉ္စမအကြိမ် | ဆဋ္ဌမအကြိမ် | စုစုပေါင်း |
| ရန်ကုန် | ၉ | ၃၀ | ၅၆ | ၅၇ | ၁၆ | ၄၈ | ၂၁၆ |
| ရှမ်း | ၁၄ | ၇ | ၄၆ | ၂၂ | ၁၁ | ၂၉ | ၁၂၉ |
| စစ်ကိုင်း | ၀ | ၀ | ၄၉ | ၁၁ | ၁၆ | ၂၃ | ၉၉ |
| မန္တလေး | ၀ | ၁ | ၃၁ | ၂၅ | ၁၂ | ၂၄ | ၉၃ |
| ပဲခူး | ၀ | ၀ | ၃၃ | ၁၁ | ၆ | ၁၉ | ၆၉ |
| ရခိုင် | ၁၃ | ၀ | ၂၁ | ၆ | ၅ | ၁၇ | ၆၂ |
| ဧရာဝတီ | ၀ | ၀ | ၁၃ | ၈ | ၃ | ၁၁ | ၃၅ |
| ကချင် | ၆ | ၀ | ၁၃ | ၂ | ၆ | ၅ | ၃၂ |
| ချင်း | ၁ | ၀ | ၈ | ၆ | ၁ | ၆ | ၂၂ |
| မကွေး | ၀ | ၀ | ၁၆ | ၃ | ၀ | ၂ | ၂၁ |
| ကရင် | ၃ | ၀ | ၅ | ၃ | ၃ | ၅ | ၁၉ |
| မွန် | ၀ | ၀ | ၇ | ၂ | ၀ | ၅ | ၁၄ |
| တနင်္သာရီ | ၀ | ၀ | ၇ | ၂ | ၃ | ၀ | ၁၂ |
| ကယား | ၀ | ၀ | ၃ | ၆ | ၁ | ၀ | ၁၀ |

ရွေးကောက်ခံ ကိုယ်စားလှယ် အရေအတွက်ကိုသာ အခြေခံ တွက်ချက်ထားပါသည်။ တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ ဦးသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ထားခြင်း ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ကိုယ်စားပြုသည်ဟု မယူဆနိုင်သဖြင့် လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို နှိုင်းယှဉ် တွက်ချက်ရာတွင် ယင်းတို့အား ထည့်သွင်းရေတွက်ကာ ၄၄၀ ဦးဟု ယူဆတွက်ချက်ခြင်း မပြုပါ။

ထိုဇယားတွင် တွက်ချက်ဖော်ပြမှုအရ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းမှု ရာခိုင်နှုန်းသည် လွှတ်တော်တွင်း ကိုယ်စားပြု ရာခိုင်နှုန်းထက် ပိုမိုနေသည်ကို တွေ့ရသည်။ တနင်္သာရီတိုင်း ဒေသကြီးမှ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းမှု ရာခိုင်နှုန်းကမူ လွှတ်တော်တွင်း ကိုယ်စားပြု ရာခိုင်နှုန်းအောက် သိသာစွာ လျော့နည်းနေခဲ့သည်ကို တွေ့ရသည်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းမှု ရာခိုင်နှုန်းသည် လွှတ်တော်တွင်း ကိုယ်စားပြု ရာခိုင်နှုန်းနှင့် များစွာကွာခြားခြင်း မရှိသည်ကို ထိုဇယားတွင် တွေ့ရှိနိုင်ပါသည်။

### ၃.၁.၅။ ပြည်သူ့လွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း

လွှတ်တော်သက်တမ်းကြာလာသည်နှင့်အမျှ မေးခွန်းများ မေးမြန်းရာတွင် ကဏ္ဍစုံအောင် မေးမြန်းလာနိုင်ကြသည်ကို တွေ့ရသော်လည်း အဓိက မေးခွန်းမေးမြန်းကြသည့် ကဏ္ဍများမှာ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးနှင့် ပညာရေးဆိုင်ရာ မေးခွန်းများဖြစ်သည်။ အခြေခံအဆောက်အအုံဆိုင်ရာ မေးခွန်းများမှာ ပြည်သူ့လွှတ်တော်တွင် မေးမြန်း





ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြောင်းအရာ/ကဏ္ဍအလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှု ဂရပ်ဖ်ပုံ

**ဇယား (၃-၇) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းအရေအတွက်ကို အကြောင်းအရာ/ကဏ္ဍ အလိုက်၊ အစည်းအဝေးအကြိမ်အလိုက် ခွဲခြားလေ့လာသည့် ဇယား**

| အကြောင်း အရာ ကဏ္ဍ | ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|
| | ပထမ အကြိမ် | ဒုတိယ အကြိမ် | တတိယ အကြိမ် | စတုတ္ထ အကြိမ် | ပဉ္စမ အကြိမ် | ဆဋ္ဌမ အကြိမ် | စုစုပေါင်း |
| အခြေခံအဆောက်အအုံ | ၆ | ၈ | ၇၉ | ၂၆ | ၁၄ | ၃၅ | ၁၆၈ |
| အုပ်ချုပ်ရေး | ၆ | ၅ | ၂၀ | ၂၃ | ၉ | ၃၃ | ၉၆ |
| ပညာရေး | ၈ | ၈ | ၃၅ | ၁၂ | ၉ | ၁၆ | ၈၈ |
| စိုက်ပျိုးရေး | ၄ | ၀ | ၂၈ | ၁၁ | ၅ | ၁၉ | ၆၇ |
| ကျန်းမာရေး | ၀ | ၃ | ၂၂ | ၁၅ | ၆ | ၁၃ | ၅၉ |
| ဝန်ဆောင်မှုလုပ်ငန်း | ၄ | ၀ | ၂၈ | ၉ | ၄ | ၁၃ | ၅၈ |
| သဘာဝပတ်ဝန်းကျင် | ၂ | ၁ | ၇ | ၇ | ၄ | ၈ | ၂၉ |
| လူမှုအထောက်အပံ့ | ၂ | ၂ | ၉ | ၈ | ၃ | ၄ | ၂၈ |
| ပို့ဆောင်ရေး | ၀ | ၁ | ၉ | ၆ | ၄ | ၇ | ၂၇ |
| နိုင်ငံရေး | ၆ | ၂ | ၂ | ၉ | ၁ | ၄ | ၂၄ |
| တရားရေး | ၁ | ၁ | ၅ | ၃ | ၄ | ၆ | ၂၀ |
| စီးပွားရေး | ၀ | ၁ | ၇ | ၆ | ၂ | ၄ | ၂၀ |
| ဘဏ္ဍာရေး | ၀ | ၁ | ၄ | ၃ | ၅ | ၅ | ၁၈ |
| အခွန် | ၀ | ၀ | ၉ | ၇ | ၀ | ၀ | ၁၆ |
| စက်မှုလုပ်ငန်း | ၁ | ၀ | ၈ | ၂ | ၁ | ၂ | ၁၄ |
| ယဉ်ကျေးမှု အနုပညာ | ၁ | ၁ | ၃ | ၂ | ၂ | ၂ | ၁၁ |
| တိုင်းရင်းသားအရေး | ၃ | ၀ | ၃ | ၁ | ၂ | ၂ | ၁၁ |
| စွမ်းအင် | ၀ | ၁ | ၅ | ၁ | ၁ | ၂ | ၁၀ |
| အားကစား | ၀ | ၀ | ၄ | ၂ | ၀ | ၃ | ၉ |
| အိုးအိမ်မြေယာ | ၀ | ၁ | ၁ | ၀ | ၂ | ၄ | ၈ |
| အလုပ်သမားရေး | ၁ | ၀ | ၂ | ၂ | ၀ | ၃ | ၈ |
| မွေးမြူရေး | ၀ | ၀ | ၅ | ၂ | ၁ | ၀ | ၈ |
| ဥပဒေပြုရေး | ၀ | ၀ | ၁ | ၂ | ၃ | ၁ | ၇ |
| ငြိမ်းချမ်းရေး | ၀ | ၂ | ၂ | ၁ | ၀ | ၀ | ၅ |
| မြေယာသိမ်းဆည်းမှု | ၀ | ၀ | ၁ | ၀ | ၁ | ၃ | ၅ |
| ခရီးသွားလုပ်ငန်း | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၅ |
| နိုင်ငံသားအခွင့်အရေး | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၄ |
| ဘာသာရေး | ၀ | ၀ | ၃ | ၀ | ၀ | ၁ | ၄ |
| သတ္တုတူးဖော်ရေး | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၄ |
| ဖွံ့ဖြိုးတိုးတက်ရေး | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၃ |
| | | | | | | | |

**မှတ်ချက် ။ ။ မီးခိုးရောင်ဖြင့် အလျားလိုက် ဖော်ပြထားသော ကြယ်ပွင့်ပြမေးခွန်း အကြောင်းအရာ/ကဏ္ဍနှင့် ကိန်းဂဏန်းများသည် လွှတ်တော် ပုံမှန် အစည်းအဝေးတိုင်းတွင် ထည့်သွင်း မေးမြန်းခဲ့ခြင်း မရှိသည့် အကြောင်းအရာ/ကဏ္ဍများ ဖြစ်သည်။**




ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအလိုက်
လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြောင်းအရာ/ကဏ္ဍအလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုပြပုံ

ခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများအားလုံး၏ ၂၀ ရာခိုင်နှုန်းထိ အောင် နေရာယူထားသည်ကို တွေ့ရသည်။

ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေး အကြိမ်တိုင်းတွင် ထည့်သွင်းမေးမြန်းလေ့ရှိသော အကြောင်းအရာ/ကဏ္ဍများမှာ အခြေခံအဆောက်အအုံ၊ အုပ်ချုပ်ရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုအထောက်အပံ့၊ နိုင်ငံရေး၊ တရားရေးနှင့် ယဉ်ကျေးမှု အနုပညာတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများ ဖြစ်သည်။ ပုံမှန် အစည်းအဝေး ခြောက်ကြိမ်လုံးတွင် တင်သွင်းမေးမြန်းခဲ့ခြင်း မရှိသော်လည်း မေးခွန်းအရေအတွက် များပြားသည့် အကြောင်းအရာ/ကဏ္ဍများမှာ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် စီးပွားရေးဆိုင်ရာ ကြယ်ပွင့်ပြ မေးခွန်းများ ဖြစ်သည်။

ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးများအတွင်း တင်သွင်း မေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၁၆ ခု ရှိသည်ကို တွေ့ရသည်။ ဒုတိယပုံမှန်အစည်းအဝေးများအတွင်း တင်သွင်း မေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၁၅ ခု၊ စတုတ္ထပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့ ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၄ ခု၊ ပဉ္စမပုံမှန်အစည်း အဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၈ ခု၊ ဆဋ္ဌမပုံမှန်အစည်းအဝေးများအတွင်း တင် သွင်းမေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၄ ခု အသီးသီး ရှိသည်ကိုလည်း တွေ့ရသည်။ မေးခွန်းအကြောင်းအရာ/ကဏ္ဍ အစုံလင်ဆုံး မေးမြန်းခဲ့သည်မှာ ရက်ပေါင်း ၂၃ ရက်ကြာ ကျင်းပခဲ့သည့် တတိယပုံမှန် အစည်းအဝေးကာလအတွင်းက ဖြစ်သည်။ ထို တတိယပုံမှန် အစည်းအဝေးအတွင်း ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၃၀၈ ခု မေးမြန်း၊ ဖြေကြားခဲ့သည်။ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းဖြေကြားခဲ့သည့် အကြောင်းအရာ/ကဏ္ဍ အလိုက်၊ အစည်းအဝေးအကြိမ်အလိုက် ကြယ်ပွင့်ပြမေးခွန်းများ၏ အရေအတွက်ကို ဇယား (၃-၅) တွင် နှိုင်းယှဉ်ကြည့်ရှုနိုင်ပါသည်။

## ၃.၁.၆။ ပြည်သူ့လွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း

ပြည်သူ့လွှတ်တော်တွင် မေးခွန်းများမေးမြန်းရာတွင် အစိုးရကို ထိန်းကျောင်းစိစစ်ရန်ရည်ရွယ်ချက် ထင်ဟပ်သည့်မေးခွန်းများကို အများဆုံးတွေ့ရသည်။လွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မေးခွန်းစုစုပေါင်း ၈၃၄ ခုတွင် အစိုးရကို ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်သည့် မေးခွန်းပေါင်း ၄၇၅ ခုထိ ရှိခဲ့သည်။ ထို့ကြောင့် ရာခိုင်နှုန်းအားဖြင့် မေးခွန်း အားလုံး၏ ၅၆.၉၅ ရာခိုင်နှုန်း ရှိနေသည်။

### ဖြေကြားနိုင်ခြင်းမရှိ

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးအတွင်း ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်၏ မေးခွန်းတစ်ပိုင်းဖြစ်သော "ကုမ္ပဏီပိုင်သင်္ဘောဆိပ်များ တည်ဆောက်ခွင့်ပြုခြင်း"နှင့် ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က လာရောက်ဖြေကြားရာ ကုမ္ပဏီပိုင်သင်္ဘောဆိပ်များ တည်ဆောက်ခွင့်ပြုထားခြင်း မရှိခြင်း၊ မေးခွန်းပါ ဂွ၊ သံတွဲ၊ တောင်ကုတ်မြို့နယ်များတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက်မှ ဆိပ်ခံဖောတံတားများ မရှိခြင်းတို့ကြောင့် "ဖြေကြားနိုင်ခြင်းမရှိပါကြောင်း" ဟု ထည့်သွင်းမှတ်ချက်ပေးခဲ့သည်။

(ကိုးကား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း၊ စာ-၈၃၉-၈၄၃၊ လွှတ်တော်ရုံး၊ ၂၀၁၃၊ စက်တင်ဘာ၊ ပထမအကြိမ်။)

### မှတ်တမ်းအဖြစ်ထားရှိခြင်း


ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အတွင်း ၂၀၁၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးသက်ဝင်းက ၎င်း၏ မဲဆန္ဒနယ်အတွင်းမှ လမ်းများ ကွန်ကရစ်ခင်းပေးရန် မေးခွန်းကို မေးမြန်းရာတွင် မေးခွန်း မေးမြန်းခွင့်ရသည့်အချိန်၌ "သက်ဆိုင်ရာမှ ဆောင်ရွက်ပေးသည်ဟု ကြားသိရ" သောကြောင့် မှတ်တမ်းအဖြစ်သာ ထားရှိပေးရန် ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါမေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် လာရောက်ဖြေကြားခဲ့သည်။

(ကိုးကား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း၊ စာ-၄၅၉၊ လွှတ်တော်ရုံး၊ ပထမအကြိမ်။)


၄၂ ရာခိုင်နှုန်းမှာ မဲဆန္ဒရှင်များ၏ ကိုယ်စားပြုရန် ရည်ရွယ်သည့် မေးခွန်းများဖြစ်ပြီး ဥပဒေပြုရေးရည်ရွယ်သည့် မေးခွန်း ၈ ခု (ရာခိုင်နှုန်းအားဖြင့် ၀.၉၆ ရာခိုင်နှုန်း) မေးမြန်းခဲ့ကြောင်း တွေ့ရသည်။

လွှတ်တော်အစည်းအဝေး တစ်ကြိမ်ချင်းစီကို နှိုင်းယှဉ်ကြည့်ပါက ရည်ရွယ်ချက် သုံးမျိုးဖြင့် မေးမြန်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၏ ပေါင်းစပ်ပါဝင်မှုနှင့် အတက်အကျတို့ ကွာခြားခြင်း မရှိသည်ကို တွေ့ရသည်။ မေးခွန်း ၉၉ ရာခိုင်နှုန်းကျော်ဖြစ်သည့် အစိုးရကို ထိန်းကျောင်းစိစစ်မှုနှင့် ကိုယ်စားပြုမှု ရည်ရွယ်ချက်ထင်ဟပ်သော မေးခွန်းအမျိုးအစားများသည် တတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အရေအတွက်အရ အမြင့်ဆုံးပါဝင်ခဲ့ကြပြီး ယင်းနောက် စတုတ္ထ


**ပထမပုံမှန်အစည်းအဝေး**





**ဒုတိယပုံမှန်အစည်းအဝေး**





**တတိယပုံမှန်အစည်းအဝေး**





**စတုတ္ထပုံမှန်အစည်းအဝေး**




**ပဉ္စမပုံမှန်အစည်းအဝေး**





**ဆဋ္ဌမပုံမှန်အစည်းအဝေး**





အစိုးရကို ထိန်းကျောင်းစိစစ်မှု | တရားဥပဒေပြုမှု | ကိုယ်စားပြုမှု

**ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအလိုက် လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြောင်းအရာ/ကဏ္ဍအလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုပြပုံ**




အကြိမ်နှင့် ပဉ္စမအကြိမ် ပုံမှန်အစည်းအဝေးများတွင် ပြန်လည်ကျဆင်းသွားကာ ဆဋ္ဌမအကြိမ်တွင် ပြန်လည်များပြားလာကြောင်း တွေ့ရှိရသည်။ တတိယပုံမှန် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလတွင် အစိုးရကို ထိန်းကျောင်းစစ်ဆေးမှုနှင့် ကိုယ်စားပြုမှု ရည်ရွယ်ချက်ဖြင့် မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများ များပြားခဲ့ရခြင်းမှာ ထိုအစည်းအဝေးကာလသည် ပြည်သူ့လွှတ်တော်၏ ပုံမှန် အစည်းအဝေး ခြောက်ကြိမ်အတွင်း




ကြယ်ပွင့်ပြ မေးခွန်းအများဆုံး မေးမြန်းခဲ့သောကြောင့် ဖြစ်သည်။ ရာခိုင်နှုန်းအရမူ ကြယ်ပွင့်ပြမေးခွန်း ၁၆၄ ခု မေးမြန်းခဲ့သည့် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း အစိုးရကို ထိန်းကျောင်းစစ်ဆေးမှုရည်ရွယ်သည့် မေးခွန်း ၁၀၇ ခုရှိခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ထိုအစည်းအဝေးကာလတွင်း မေးခွန်းပေါင်း၏ ၆၅.၂ ရာခိုင်နှုန်းရှိခဲ့သည်ဟု တွေ့ရမည် ဖြစ်သည်။ ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးများအတွင်း တရားဥပဒေပြုမှု ရည်ရွယ်ချက် ထင်ဟပ်သည့် မေးခွန်းအနည်းငယ်စီ များလာသည်ကိုလည်း ဂရပ်ဖ်ပုံတွင် တွေ့ရနိုင်သည်။

## ၃.၁.၇။ ပြည်သူ့လွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများအား တုံ့ပြန်ဖြေကြားမှု အမျိုးအစားများကို လေ့လာခြင်း

ပြည်သူ့လွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန်အစည်းအဝေးများအတွင်းကြယ်ပွင့်ပြမေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက လာရောက်ဖြေဆိုရှင်းလင်းကြရာတွင် တတိယအကြိမ် ပုံမှန်အစည်းအဝေးကာလသည် စုစုပေါင်းကြယ်ပွင့်ပြမေးခွန်းအရေအတွက် အများဆုံးဖြစ်သည့်နည်းတူ အပြုသဘောဆောင်သည့် တုံ့ပြန်မှု၊ ငြင်းဆိုတုန့်ပြန်မှု၊ မရှင်းလင်းသည့် တုံ့ပြန်မှုနှင့် ဆောင်ရွက်ဆဲဟုတုံ့ပြန်မှုတို့ အရေအတွက်အရ အများဆုံး ဖြစ်ခဲ့ကြောင်း တွေ့ရသည်။

ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း ၁၉၄ ခု မေးမြန်းဖြေကြားခဲ့သည့်အနက် ၁၂၆ ခု (၆၄.၉ ရာခိုင်နှုန်း) ကို အပြုသဘောဆောင်

**ဇယား (၃-၈) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တုံ့ပြန်မှုအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်းအရေအတွက်ဇယား**

| | ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြမေးခွန်းအရေအတွက် | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပထမအကြိမ် | | ဒုတိယအကြိမ် | | တတိယအကြိမ် | | စတုတ္ထအကြိမ် | | ပဉ္စမအကြိမ် | | ဆဋ္ဌမအကြိမ် | | စုစုပေါင်း |
| | | % | | % | | % | | % | | % | | % | |
| အပြုသဘော | ၁၄ | ၃၀.၄ | ၂၃ | ၆၀.၅ | ၁၄၁ | ၄၅.၈ | ၇၄ | ၄၅.၁ | ၃၁ | ၃၆.၉ | ၁၂၆ | **၆၄.၉** | ၄၀၉ |
| ငြင်းဆို | ၁၆ | **၃၄.၈** | ၅ | ၁၃.၂ | ၇၀ | ၂၂.၇ | ၃၄ | ၂၀.၇ | ၂၅ | ၂၉.၈ | ၃၁ | ၁၆.၀ | ၁၈၁ |
| မရှင်းလင်း | ၈ | **၁၇.၄** | ၃ | ၇.၉ | ၁၉ | ၆.၂ | ၇ | ၄.၃ | ၂ | ၂.၄ | ၃ | ၁.၅ | ၄၂ |
| ရောပြွမ်း | ၀ | ၀.၀ | ၃ | ၇.၉ | ၉ | ၂.၉ | ၁၂ | ၇.၃ | ၁၀ | **၁၁.၉** | ၁၈ | ၉.၃ | ၅၂ |
| ဆောင်ရွက်ဆဲ | ၈ | ၁၇.၄ | ၄ | ၁၀.၅ | ၆၉ | ၂၂.၄ | ၃၇ | **၂၂.၆** | ၁၆ | ၁၉.၀ | ၁၆ | ၈.၃ | ၁၅၀ |
| | ၄၆ | ၁၀၀ | ၃၈ | ၁၀၀ | ၃၀၈ | ၁၀၀ | ၁၆၄ | ၁၀၀ | ၈၄ | ၁၀၀ | ၁၉၄ | ၁၀၀ | ၈၃၄ |

တုံ့ပြန်ဖြေကြားခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အပြုသဘောဆောင် တုံ့ပြန် ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံး ဖြစ်ခဲ့သည်။


ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း ၄၆ ခု မေးမြန်း ဖြေကြားခဲ့သည့် အနက် ၁၆ ခု (၃၄.၈ ရာခိုင်နှုန်း) ကို ငြင်းဆိုတုံ့ပြန်ဖြေကြားခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း ငြင်းဆိုတုံ့ပြန်ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

ထို့အတူ ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ကာလအတွင်း မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများထဲတွင် ၈ ခု (၁၇.၄ ရာခိုင်နှုန်း) ကို မရှင်းလင်းသည့် တုံ့ပြန်ဖြေကြားမှုများသာ ရရှိခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မရှင်းလင်းသည့် တုံ့ပြန်ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံး ဖြစ်ခဲ့သည်။

ပြည်သူ့ လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း ၈၄ ခု မေးမြန်း ဖြေကြားခဲ့သည့် အနက် ၁၀ ခု (၁၁.၉ ရာခိုင်နှုန်း) ကို ရောပြွမ်းသည့် တုံ့ပြန်ဖြေကြားမှုများ ရရှိခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း ရောပြွမ်းသည့် တုံ့ပြန်ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံး ဖြစ်ခဲ့ သည်။


ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးကာလ အတွင်း ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း ၁၆၄ ခု မေးမြန်းဖြေကြား ခဲ့သည့် အနက် ၃၇ ခု (၂၂.၆ ရာခိုင်နှုန်း) ကို ဆောင်ရွက်ဆဲဟု တုံ့ပြန်ဖြေကြားခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း ဆောင်ရွက်ဆဲဟု တုံ့ပြန်ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ခဲ့ သည်။

ပြည်သူ့ လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်းများကို လွှတ်တော်၏ ကော်မတီ/ကော်မရှင်




များက ဖြေကြားရမှုများရှိခဲ့သည်။ လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် မေးခွန်းနှစ်ခု၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တို့တွင် မေးခွန်းတစ်ခုစီ ဖြေကြားခဲ့ရဖူးသည်။ အခြား လွှတ်တော်နှစ်ရပ်တွင် အလားတူအခြေအနေများ မတွေ့ရှိခဲ့ရ ပေ။

ပြည်သူ့ လွှတ်တော် ဥပဒေရေးရာ လေ့လာဆန်းစစ်ရေး




ကော်မရှင်မှ ဦးဘရှိန်ကလည်း ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် မေးခွန်းတစ်ခု ဖြေကြားခဲ့ရသည်။ ထိုအခြေအနေများအားလုံးကို စတုတ္ထပုံမှန်အစည်းအဝေးတွင် မြင်တွေ့ခဲ့ရခြင်းဖြစ်သည်။ မေးခွန်းများမှာပြည်ထောင်စုအဆင့် သတ်မှတ်ချက်နှင့် သက်ဆိုင်သည့် မေးခွန်းများဖြစ်သည်။ ထိုကြယ်ပွင့်ပြ မေးခွန်းများသည် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများ ပေါ်ပေါက်နေစဉ်တွင် မေးမြန်းဖြေကြားခဲ့ခြင်း ဖြစ်သည်။

## အခန်း (၄)
## ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်သူ့လွှတ်တော်၌ တင်သွင်းခဲ့သည့် မေးခွန်းများ အရေအတွက်အခြေပြု လေ့လာချက်

အမျိုးသားလွှတ်တော်တွင် ပထမပုံမှန်အစည်းအဝေးမှ စတင်၍ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးအထိ မေးမြန်းနိုင်ခဲ့သော ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ၇၁၉ ခု ရှိသည်။ အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးတွင် မေးခွန်း ၃၄ ခု၊ ဒုတိယ ပုံမှန်အစည်းအဝေးတွင် မေးခွန်း ၂၆၅ ခု၊ တတိယပုံမှန်အစည်း အဝေးတွင် မေးခွန်း ၁၀၈ ခု၊ စတုတ္ထပုံမှန် အစည်းအဝေးတွင် ၁၆၀ ခု၊ပဉ္စမ ပုံမှန် အစည်းအဝေးတွင် မေးခွန်း ၅၅ ခု၊ ဆဋ္ဌမ ပုံမှန်အစည်းအဝေးတွင် ၉၇ ခု အသီးသီး ရှိကြသည်ကို တွေ့ရ သည်။ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများ ကျင်းပခဲ့သည့် ရက်ပေါင်းမှာ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ စုစုပေါင်း ၁၆၉ ရက်ရှိခဲ့သည့်အတွက် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် မေးခွန်း ၄ ခုခန့် မေးမြန်းနိုင်ခဲ့သည်ဟု ယူဆရမည် ဖြစ်သည်။ ထိုပျမ်းမျှနှုန်းအောက် နည်းပါးသည့်လွှတ်တော် ပုံမှန် အစည်း အဝေးများနှင့် ပျမ်းမျှထက် ပိုမိုသည့် လွှတ်တော်ပုံမှန် အစည်း အဝေးများကိုလည်း ဇယား (၄-၁) တွင် နှိုင်းယှဉ်ကြည့်ရှုနိုင်မည် ဖြစ်သည်။

ထို့ပြင် တစ်ရက်အတွင်း မေးခွန်းအများဆုံး မေးမြန်းမှုအဖြစ် ကြယ်ပွင့်ပြမေးခွန်း ၂၀ ခု မေးမြန်းခဲ့သည့်မှာ တစ်ရက်သာ ရှိခဲ့သည်။ ထိုရက်မှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ (အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပနေချိန်အတွင်း)က ဖြစ်သည်။

**ဇယား (၄-၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း အရေအတွက်နှင့် ပျမ်းမျှနှိုင်းယှဉ်ချက်**

| | ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | အစည်းအဝေး ကျင်းပသည့် ရက်ပေါင်း | တစ်ရက်ချင်း ပျမ်းမျှ မေးခွန်း အရေအတွက် |
|---|---|---|---|
| ပထမအကြိမ် | ၃၄ | ၁၄ | ၂.၄ ↓ |
| ဒုတိယအကြိမ် | ၂၆၅ | ၄၇ | ၅.၆ ↑ |
| တတိယအကြိမ် | ၁၀၈ | ၂၁ | ၅.၁ ↑ |
| စတုတ္ထအကြိမ် | ၁၆၀ | ၄၀ | ၄.၀ ↓ |
| ပဉ္စမအကြိမ် | ၅၅ | ၁၅ | ၃.၇ ↓ |
| ဆဋ္ဌမအကြိမ် | ၉၇ | ၃၂ | ၃.၀ ↓ |
| စုစုပေါင်း | ၇၁၉ | ၁၆၉ | (ပျမ်းမျှ) ၄.၂ |

ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေးများအတွင်း မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၇၁၉ ခုရှိရာ ပြည်သူ့ကိုယ်စားလှယ်ဦးရေကို ၂၂၄ ဦးဟု ယူဆတွက်ချက်လျှင် တစ်ဦးလျှင် ပျမ်းမျှအားဖြင့် မေးခွန်း ၃.၂ ခုနှုန်း မေးမြန်းခဲ့သည်ဟု ဆိုရမည်။ အမျိုးသားလွှတ်တော် နည်းဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းမှုမှာ အမျိုးသားလွှတ်တော် ကိုယ်စား

လှယ် တစ်ဦးသည် လွှတ်တော် ပုံမှန်အစည်းအဝေး တစ်ကြိမ်အတွင်း မေးခွန်း အများဆုံး ၁၀ ခုအထိ မေးမြန်းခွင့်ရှိသည်။ သို့သော် လွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မေးမြန်းသူ ၁၃၅ ဦးရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတည်းမှ ကြယ်ပွင့်ပြမေးခွန်း ၂၉ ခု အများဆုံး မေးမြန်းခဲ့သည်။ ကြယ်ပွင့်ပြမေးခွန်း ၁၀ ခု နှင့် ၁၀ ခုအထက် မေးမြန်းခဲ့သူများ စာရင်းကို ဇယား (၄-၂)တွင် ဖော်ပြထားပါသည်။

ကြယ်ပွင့်ပြ မေးခွန်း ၉ ခု မေးမြန်းသူ ၂ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၈ ခု မေးမြန်းသူ ၆ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၇ ခု မေးမြန်းသူ ၁၀ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၆ ခု မေးမြန်းသူ ၇ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၅ ခု မေးမြန်းသူ ၈ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၄ ခု မေးမြန်းသူ ၁၉ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၃ ခု မေးမြန်းသူ ၁၅ ဦး၊
ကြယ်ပွင့်ပြ မေးခွန်း ၂ ခု မေးမြန်းသူ ၂၇ ဦး၊
ကြယ်ပွင့်ပြ မေးခွန်းတစ်ခုတည်း မေးမြန်းသူ ၂၁ ဦး

ရှိခဲ့ကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးများအတွင်း ရွေးကောက်တင်မြှောက်ခံရဖူးသူများ အားလုံး (၁၇၄ ဦး) နှင့် တပ်မတော်သား ကိုယ်စားလှယ်အဖြစ် ရွေးခြယ်ခန့်အပ်ခြင်းခံရဖူးသူ အားလုံး (၆၁ ဦး) တို့အနက် မေးခွန်း လုံးဝမေးမြန်းခဲ့ဖူးခြင်းမရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ပေါင်း ၁၀၀ ဦး ရှိနေခဲ့ပါသည်။

အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးအတွင်းက တပ်မတော်သား ကိုယ်စားလှယ်တစ်ဦးက မေးခွန်းတစ်ခု တင်သွင်းမေးမြန်းခဲ့သည်က လွဲ၍ လွှတ်တော် ပထမပုံမှန် အစည်းအဝေးများမှစ၍ ဆဋ္ဌမပုံမှန် အစည်းအဝေးများ တိုင်အောင်

**ဇယား (၄-၂) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးခွန်း ဆယ်ခုအထက် မေးမြန်းခဲ့သည့် ကိုယ်စားလှယ်များ**

| လွှတ်တော် ကိုယ်စားလှယ် အမည် | ကိုယ်စားပြု မဲဆန္ဒနယ် | မေးခွန်း အရေအတွက် |
|---|---|---|
| ဒေါက်တာတင်ရွှေ | ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆) | ၂၉ |
| ဒေါက်တာ မြတ်ဉာဏစိုး | ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) | ၂၇ |
| ဦးလှဆွေ | မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) | ၂၀ |
| ဦးငွေမောင် | မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) | ၁၈ |
| ဖုန်လှယ်ထန်း | ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၂) | ၁၈ |
| နိုင်ထွန်းအုံ | မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) | ၁၇ |
| စိုင်းတင်အောင် | ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) | ၁၇ |
| ဦးအောင်ငြိမ်း | မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) | ၁၆ |
| ဦးခင်မောင်ရီ | ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆) | ၁၅ |
| ဦးဖုန်းမြင့်အောင် | ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃) | ၁၅ |
| ဦးဆွေအောင် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) | ၁၄ |
| ဒေါက်တာမြင့်ကြည် | ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈) | ၁၃ |
| ဦးမောင်စောဖြူ | ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၄) | ၁၂ |
| ဦးပေါလ်ထန်ထိုင်း | ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၃) | ၁၂ |
| ဦးဟာရိန်းဘွေ | ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၈) | ၁၁ |
| ဦးသိန်းလှိုင် | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈) | ၁၁ |
| ဒေါက်တာအေးမောင် | ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁) | ၁၀ |
| ဦးန | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀) | ၁၀ |
| ဦးဖေသောင်း | ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၆) | ၁၀ |
| ဦးစိုးအောင် | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၁) | ၁၀ |

**ဇယား (၄-၃) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်း အရေအတွက်ကို ကျား-မ အလိုက် ခွဲခြားလေ့လာသည့် ဇယား**

| | ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | အမျိုးသား ကိုယ်စားလှယ်များ၏ မေးခွန်း | | အမျိုးသမီး ကိုယ်စားလှယ်များ၏ မေးခွန်း | |
|---|---|---|---|---|---|
| | | အရေအတွက် | ရာခိုင်နှုန်း | အရေအတွက် | ရာခိုင်နှုန်း |
| ပထမအကြိမ် | ၃၄ | ၃၄ | ၁၀၀.၀ | ၀ | ၀.၀ |
| ဒုတိယအကြိမ် | ၂၆၅ | ၂၆၄ | ၉၉.၆ | ၁ | ၀.၄ |
| တတိယအကြိမ် | ၁၀၈ | ၁၀၅ | ၉၇.၂ | ၃ | ၂.၈ |
| စတုတ္ထအကြိမ် | ၁၆၀ | ၁၆၀ | ၁၀၀.၀ | ၀ | ၀.၀ |
| ပဉ္စမအကြိမ် | ၅၅ | ၅၅ | ၁၀၀.၀ | ၀ | ၀.၀ |
| ဆဋ္ဌမအကြိမ် | ၉၇ | ၉၇ | ၁၀၀.၀ | ၀ | ၀.၀ |
| စုစုပေါင်း | ၇၁၉ | ၇၁၅ | ၉၉.၄ | ၄ | ၀.၆ |


နောက်ထပ် မေးခွန်းမေးမြန်းခဲ့သည့် တပ်မတော်သား ကိုယ်စားလှယ် မရှိခဲ့သည်ကို တွေ့ရပါသည်။ (တစ်နည်းအားဖြင့် ပြည်သူ့လွှတ်တော်ဆဋ္ဌမ ပုံမှန် အစည်းအဝေးထိ ရွေးချယ်ခန့်အပ်ခြင်း ခံရဖူးသည့် တပ်မတော်သား ကိုယ်စားလှယ် ၆၁ ဦးတွင် ကျန် ၆၀ ဦးသည် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ဖူးခြင်း မရှိပေ။) အလားတူပင် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထဲမှ ဆဋ္ဌမပုံမှန် အစည်းအဝေးများအထိ ကြယ်ပွင့်ပြ မေးခွန်း လုံးဝမေးမြန်းခဲ့ဖူးခြင်းမရှိသူ ၂၅ ဦး ရှိသည်ဟု တွေ့ရသည်။

## ၄.၁.၀။ အမျိုးသားလွှတ်တော်အတွင်း ကြယ်ပွင့်ပြ မေးခွန်းများအား နှိုင်းယှဉ်လေ့လာမှုများ

ပြည်သူ့လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်သွင်းမှုများကို လေ့လာရာတွင် မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း၊ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း၊ နိုင်ငံရေးပါတီ ကိုယ်စားပြုမှုကို လေ့လာခြင်း၊ ကိုယ်စားပြုဒေသ ခွဲခြားလေ့လာခြင်း၊ ကြယ်ပွင့်ပြ မေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍကို လေ့လာခြင်း၊ ရည်ရွယ်ချက်များကို လေ့လာခြင်း၊ မေးခွန်းများအား တုန့်ပြန်ဖြေကြားမှု အမျိုးအစားများကို လေ့လာခြင်းဟု ချဉ်းကပ်လေ့လာထားပါသည်။

## ၄.၁.၁။ အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း

အမျိုးသားလွှတ်တော် အစည်းအဝေးခြောက်ကြိမ်တွင် ကြယ် ပွင့်ပြမေးခွန်း ၇၁၉ ခု မေးမြန်းခဲ့ရာ အမျိုးသားများကမေးမြန်းသည့် မေးခွန်း ၇၁၅ ခုရှိခဲ့ပြီး၊ အမျိုးသမီးများက မေးမြန်းခဲ့သည့် မေးခွန်း ၄ ခု ရှိခဲ့သည်။ အမျိုးသားများ၏ မေးခွန်း မေးမြန်းသည့် ရာခိုင်နှုန်းမှာ ၉၉.၄ ရာခိုင်နှုန်းဖြစ်သည်။ လွှတ်တော်တွင်း အမျိုးသမီးလွှတ်တော်အမတ်များ၏ ကိုယ်စားပြု




**ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ကျား-မ အလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှု အချိုးအစားပြ သရုပ်ဖော်ပုံ**

မှုမှာ ၁.၆ ရာခိုင်နှုန်း ဖြစ်သည့်အတွက် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းမှုများတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု အရေအတွက်မှာ နည်းပါးသည်ဟု မြင်စရာဖြစ်နေသော်လည်း အချိုးအစား (ရာခိုင်နှုန်း) အားဖြင့်မူ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အချိုးအစားနှင့် နှိုင်းယှဉ်ပါက နည်းလွန်းသည်ဟု မဆိုနိုင်ချေ။ လွှတ်တော်ပုံမှန်အစည်းအဝေး တစ် ကြိမ်ချင်းစီအတွင်း လွှတ်တော်ကိုယ်စားလှယ်ကျား-မ ဖြစ်မှုအရ မေးခွန်းမေးမြန်းမှုကို ဇယား (၄-၃) အရ သိရှိနိုင်သည်။


အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ်များ၏ မေးမြန်းမှုကို ဒုတိယနှင့် တတိယပုံမှန်အစည်းအဝေးများ အတွင်း၌သာ တွေ့ရှိနိုင်သည်။

## ၄.၁.၂။ အမျိုးသားလွှတ်တော်တွင်ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း

ကောက်ယူခဲ့သည့် အချက်အလက်များအရ အမျိုးသားလွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေးများအတွင်း မေးမြန်း ဖြေကြားခဲ့သည့် ကျန်ကြယ်ပွင့်ပြမေးခွန်း ၇၁၉ ခု၏ တိုင်းရင်းသားအလိုက် မေးခွန်းများကို လေ့လာကြည့်လျှင် ဗမာတိုင်းရင်းသားများက ကြယ်ပွင့်ပြ မေးခွန်း ၄၃၅ ခုထိ အများဆုံး မေးမြန်းခဲ့သည်ကို တွေ့ရသည်။ ချင်းတိုင်းရင်းသားများက ကြယ်ပွင့်ပြမေးခွန်း ၉၉ ခုဖြင့် ဒုတိယအများဆုံး၊ ရခိုင်တိုင်းရင်းသားများက ကြယ်ပွင့်ပြမေးခွန်း ၆၅ ခုဖြင့် တတိယအများဆုံး မေးမြန်းခဲ့ကြသည်ကို တွေ့ရသည်။ လွှတ်တော်ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မေးခွန်း ငါးခုနှင့် ငါးခုအထက် မေးမြန်းခဲ့သည့် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးအကြိမ်အလိုက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှုများကို နှိုင်းယှဉ်ကြည့်နိုင်ရန် ဇယား (၄.၂) တွင် ဖော်ပြထားပါသည်။

အစည်းအဝေး ခြောက်ကြိမ်အတွင်း ပလောင် တိုင်းရင်းသားများက ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း လေးခု မေးမြန်းခဲ့သည်။ အစည်းအဝေးခြောက်ကြိမ်အတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း သုံးခု မေးမြန်းခဲ့သည့် တိုင်းရင်းသားနှစ်မျိုးမှာ နာဂနှင့် ဝ တိုင်းရင်းသားများ ဖြစ်သည်။ အစည်းအဝေးခြောက်ကြိမ်အတွင်း ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း နှစ်ခု မေးမြန်းခဲ့သည့် တိုင်းရင်းသားနှစ်မျိုး မှာ လီဆူးနှင့် ဓနုတိုင်းရင်းသားများ ဖြစ်သည်။

အမျိုးသားလွှတ်တော်



ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ တိုင်းရင်းသားအလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှု အချိုးအစားပြ သရုပ်ဖော်ပုံ

ကြယ်ပွင့်ပြမေးခွန်း ၇၁၉ ခု အနက် ၄၃၅ ခုမှာ ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများဖြစ်ရာ မေးခွန်းအားလုံး၏ ၆၀.၅ ရာခိုင်နှုန်းကို မေးမြန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ချင်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုမှာ ၁၃.၈ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး၊ ရခိုင်တိုင်းရင်းသားများ ၉ ရာခိုင်နှုန်းကို မေးမြန်းခဲ့ကြောင်း တွေ့ရသည်။

**ဇယား (၄-၄) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ တိုင်းရင်းသားအလိုက် ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ငါးခုနှင့်အထက် မေးမြန်းမှု ဇယား**

| | အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|
| | ပထမအကြိမ် | ဒုတိယအကြိမ် | တတိယအကြိမ် | စတုတ္ထအကြိမ် | ပဉ္စမအကြိမ် | ဆဋ္ဌမအကြိမ် | စုစုပေါင်း |
| ဗမာ | ၁၀ | ၁၄၁ | ၇၀ | ၁၁၄ | ၃၄ | ၆၆ | ၄၃၅ |
| ချင်း | ၁၂ | ၄၅ | ၁၄ | ၁၀ | ၈ | ၁၀ | ၉၉ |
| ရခိုင် | ၄ | ၂၆ | ၆ | ၁၃ | ၆ | ၁၀ | ၆၅ |
| ရှမ်း | ၁ | ၁၇ | ၉ | ၁၂ | ၄ | ၇ | ၅၀ |
| မွန် | ၂ | ၁၀ | ၅ | ၈ | ၁ | ၂ | ၂၈ |
| ကရင် | ၀ | ၈ | ၂ | ၀ | ၁ | ၂ | ၁၃ |
| ကချင် | ၄ | ၄ | ၀ | ၂ | ၀ | ၀ | ၁၀ |
| ကယန်း | ၀ | ၄ | ၁ | ၀ | ၀ | ၀ | ၅ |

ဗမာ၊ ချင်းနှင့် ရခိုင် တိုင်းရင်းသားများအပြင် အခြားအများ ဆုံးမေးခွန်းမေးမြန်းလေ့ရှိသည့် တိုင်းရင်းသား ကိုယ်စားလှယ် များမှာ ရှမ်းနှင့် မွန်တိုင်းရင်းသားများ ဖြစ်ပြီး လွှတ်တော် ပုံမှန် အစည်းအဝေး အကြိမ်တိုင်းတွင် မေးခွန်းများ မေးမြန်းခဲ့ကြ သည်။ ကျန်တိုင်းရင်းသားများကမူ လွှတ်တော်ပုံမှန်အစည်း အဝေး အကြိမ်တိုင်း မေးမြန်းနိုင်ခဲ့ခြင်း မရှိချေ။

တိုင်းရင်းသား ကိုယ်စားလှယ်များ အဓိက မေးခွန်းမေးမြန်း ကြသည့် အကြောင်းအရာမှာ ပညာရေးဆိုင်ရာ မေးခွန်းများ ဖြစ်နေသည်ကို တွေ့ရသည်။ တိုင်းရင်းသားကိုယ်စားလှယ်များ၏ မေးခွန်းများအနက် ကချင်လူမျိုး ကိုယ်စားလှယ်များ၏ မေးခွန်း များမှာ အပြုသဘောဆောင်သည့် တုန့်ပြန်ချက်ရရှိမှု ရာခိုင်နှုန်း အမြင့်ဆုံး ဖြစ်ကြောင်း တွေ့ရသည်။

### ၄.၁.၃။ အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ် များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီများကို လေ့လာခြင်း

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို သတ်မှတ်အရေအတွက်အပြည့် ရွေး ကောက်တင်မြှောက်ခဲ့ပြီးနောက် အစိုးရအဖွဲ့ ဖွဲ့စည်းရာမှ လွှတ်တော်ကိုယ်စားလှယ် များကို အစိုးရ ရာထူးများ ခန့်အပ်ခဲ့ သဖြင့် လစ်လပ်သွားခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် နေရာ များတွင် ထပ်မံဖြည့်တင်း ရန် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲကို ထပ်မံကျင်းပခဲ့ရာ တပ်မတော်သား ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ ရွေးကောက်ခံ ကိုယ်စား လှယ်များမှ လွဲ၍ ယခု အချိန်ထိ အမျိုးသားလွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်များသည် နိုင်ငံရေးပါတီ ၁၆ ခုမှ ဖြစ်သည်။ ပထမအကြိမ်မှ ဆဋ္ဌမ အကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများသို့ ကြယ်ပွင့်ပြ မေးခွန်းများ တင်သွင်းမေးမြန်းခဲ့ သည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဇယား (၄-၅)တွင် ပါရှိသည့် နိုင်ငံရေးပါတီ ၁၄ ခုနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်၊ တပ်မတော်သားကိုယ်စားလှယ်များထံမှ ဖြစ်သည်။ ထိုဇယားတွင် ပါတီအသီးသီးမှ လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော် ပုံမှန်အစည်းအဝေးအလိုက် တင်သွင်းမေးမြန်းခဲ့သည့် ကြယ်ပွင့် ပြမေးခွန်း အရေအတွက်များကို မြင်တွေ့နိုင်မည် ဖြစ်သည်။ ဇယား၌ ဖော်ပြထားသော နိုင်ငံရေးပါတီများထဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီတစ်ခုတည်းသာ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေး ကောက်ပွဲကာလ နောက်ပိုင်း ၂၀၁၂ ခုနှစ်၊ မေ

**ဇယား (၄-၅) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှ ပါတီအလိုက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှု ဇယား**

| | အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|
| | ပထမအကြိမ် | ဒုတိယအကြိမ် | တတိယအကြိမ် | စတုတ္ထအကြိမ် | ပဉ္စမအကြိမ် | ဆဋ္ဌမအကြိမ် | စုစုပေါင်း |
| USDP | ၇ | ၁၇၃ | ၇၇ | ၁၁၃ | ၃၆ | ၆၄ | ၄၇၀ |
| NDF | ၆ | ၂၂ | ၁၃ | ၁၆ | ၃ | ၇ | ၆၇ |
| RNDP | ၁ | ၁၉ | ၆ | ၈ | ၆ | ၇ | ၄၇ |
| CPP | ၈ | ၁၈ | ၂ | ၄ | ၄ | ၁ | ၃၇ |
| AMRDP | ၂ | ၉ | ၅ | ၈ | ၁ | ၂ | ၂၇ |
| CNP | ၄ | ၉ | ၃ | ၂ | ၂ | ၄ | ၂၄ |
| SNDP | ၁ | ၃ | ၁ | ၄ | ၁ | ၃ | ၁၃ |
| NLD | ၀ | ၀ | ၀ | ၂ | ၁ | ၆ | ၉ |
| NUP | ၀ | ၃ | ၀ | ၃ | ၀ | ၀ | ၆ |
| UDP | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၄ |
| TPNP | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၄ |
| KPP | ၀ | ၂ | ၀ | ၀ | ၀ | ၂ | ၄ |
| WDP | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၃ |
| တစ်သီးပုဂ္ဂလ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| PSDP | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| တပ်မတော်သား | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |

၂ ရက်တွင် ကျင်းပခဲ့သည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် စတင်၍ လွှတ်တော်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

မေးခွန်းမေးမြန်းမှု အများဆုံး ပြုလုပ်ထားနိုင်သည့်ပါတီမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး(USDP) ပါတီဖြစ်ပြီး လွှတ်တော်အစည်းအဝေးခြောက်ကြိမ်အတွင်း မေးခွန်းအားလုံး၏ ၆၅.၄ ရာခိုင်နှုန်းကို မေးမြန်းထားသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အရေအတွက်သည် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲရလဒ်အရ ၁၂၁ နေရာရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်အတွင်း ၆ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၂ ဦး အသီးသီး လစ်လပ်လျော့ပါးသွားခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး ရွေးကောက်ခံခဲ့ရသည့်အတွက် ၁၁၄ ဦး သာကျန်ရှိတော့သည်။ ထို့ကြောင့် အမျိုးသားလွှတ်တော်အတွင်း ရှိရမည့် စုစုပေါင်း လွှတ်တော် ကိုယ်စားလှယ် ၂၂၄ ဦးကို အခြေခံထားတွက်ချက်မည်ဆိုလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကိုယ်စားပြုမှုမှာ ၅၀.၈၉ ရာခိုင်နှုန်းရှိသည်။ ဒုတိယ မေးခွန်းအများဆုံး မေးမြန်းထားသည့် ပါတီမှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဖြစ်ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မေးခွန်းစုစုပေါင်း ၏ ၉.၃၁ ရာခိုင်နှုန်းကို မေးမြန်းထားသည်။ အမျိုးသားဒီမိုကရေစီအင်အားစု (NDF)ပါတီ၏ ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားလှယ်ပါဝင်မှုမှာ ၁.၇၈ ရာခိုင်နှုန်း ဖြစ်သည်။ တတိယမေးခွန်းအများဆုံး မေးမြန်းထားသည့်ပါတီမှာ လွှတ်တော်တွင်း ကိုယ်စားပြုမှု ၃.၁ ရာခိုင်နှုန်းရှိသည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဖြစ်ပြီး မေးခွန်းအားလုံး၏ ၆.၅၃ ရာခိုင်နှုန်းကို မေးမြန်းထားသည်။

လွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်းတွင် ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KSDDP) နှင့် ပအိုဝ်အမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ တို့မှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားမှုကို မတွေ့ခဲ့ရပါ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (USDP) ပါတီသည် အဓိကအားဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကိုသာ မေးမြန်းထားသည်။ အဆိုပါ အကြောင်းအရာ/ကဏ္ဍအပြင် ပညာရေး၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေးဆိုင်ရာမေးခွန်းများကိုလည်း ထည့်သွင်း မေးမြန်းလေ့ရှိကြောင်း တွေ့ရသည်။ ပါတီအများစုမှ ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်ကို ကိုယ်စားပြုသည့် မေးခွန်းများ အများဆုံး မေးမြန်းထားကြသည်ကို တွေ့ရသည်။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည် အစိုးရအား အပြန်အလှန်ထိန်းကျောင်းရေးအတွက် ရည်ရွယ်သည့် ကြယ်ပွင့်ပြ မေးခွန်းများ ပိုမိုမေးမြန်းသော ပါတီတစ်ခုဖြစ်ကြောင်း တွေ့ရသည်။

ပြည်သူ့လွှတ်တော်တွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တစ်ဦး ရှိရာ ပထမပုံမှန်အစည်းအဝေးအတွင်း ကြယ်ပွင့်ပြမေးခွန်း ၂ ခု မေးမြန်းခဲ့ပြီး နောက်ထပ် မေးမြန်းခြင်း မတွေ့ရတော့ချေ။

## ၄.၁.၄။ အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း

အမျိုးသားလွှတ်တော်တွင်လည်း ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းအများဆုံး မေးမြန်းထားကြပြီး မေးခွန်းစုစုပေါင်း၏ ၁၆.၆၈ ရာခိုင်နှုန်းကို မေးမြန်းထားသည်။ ဒုတိယမေးခွန်းအများဆုံးမှာ ချင်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုဖြစ်ပြီး၊ တတိယ အများဆုံးမှာ ရခိုင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုဖြစ်သည်။

အမျိုးသားလွှတ်တော်တွင် လစ်လပ်ကိုယ်စားလှယ်နေရာ မရှိပါ။ ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော်အတွင်း ၁၂ ဦးစီ တစ်ပြေးညီပါဝင်နေသည့်အတွက် တိုင်းဒေသကြီး တစ်ခုချင်းစီ ပြည်နယ် တစ်ခုချင်းစီမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူ့လွှတ်တော်အတွင်း ပါဝင်မှု အချိုးအစားသည် ၇.၁၄ ရာခိုင်နှုန်း အသီးသီး ရှိနေကြသည်။ မဲဆန္ဒနယ် ၁၆၈ ခု ပါဝင်သည့် အမျိုးသားလွှတ်တော် ရွေးကောက်ခံ ကိုယ်စားလှယ် အရေအတွက်ကိုသာ အခြေခံ တွက်ချက်ထားပါသည်။ တပ်မတော်သား ကိုယ်စားလှယ် ၅၆ ဦးသည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်အပ်ထားခြင်း ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ကိုယ်စားပြုသည်ဟု မယူဆနိုင်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို နှိုင်းယှဉ်တွက်ချက်ရာတွင် ယင်းတို့အား ထည့်သွင်းရေတွက်ကာ ၂၂၄ ဦးဟု ယူဆတွက်ချက်ခြင်းမပြုပါ။

ထိုဇယားတွင် တွက်ချက်ဖော်ပြမှုအရ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှု ရာခိုင်နှုန်းသည် လွှတ်တော်တွင်း ကိုယ်စားပြု ရာခိုင်နှုန်း ၇.၁၄ ရာခိုင်နှုန်းထက် ပိုမိုနေသည်ကို တွေ့ရသည်။ ကျန် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏လွှတ်တော်တွင်း ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းမှု ရာခိုင်နှုန်းကမူ လွှတ်တော်တွင်း ကိုယ်စားပြု ရာခိုင်နှုန်းအောက် လျော့နည်းနေခဲ့သည်။ ကို တွေ့ရသည်။

**ဇယား (၄-၆) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှ တိုင်းရင်းသားအလိုက် ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ငါးခုနှင့်အထက် မေးမြန်းမှု ဇယား**

| ပြည်နယ်/ တိုင်းဒေသကြီး | အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ပထမအကြိမ် | ဒုတိယအကြိမ် | တတိယအကြိမ် | စတုတ္ထအကြိမ် | ပဥ္စမအကြိမ် | ဆဋ္ဌမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
| ရန်ကုန် | ၆ | ၄၂ | ၁၈ | ၂၉ | ၆ | ၁၉ | ၁၂၀ | ၁၆.၆၈ |
| ချင်း | ၁၂ | ၄၂ | ၁၄ | ၁၀ | ၈ | ၉ | ၉၅ | ၁၃.၂၁ |
| ရခိုင် | ၄ | ၃၀ | ၈ | ၁၃ | ၆ | ၁၀ | ၇၁ | ၉.၈၇ |
| ဧရာဝတီ | ၀ | ၂၀ | ၁၄ | ၁၅ | ၅ | ၉ | ၆၃ | ၈.၇၆ |
| ကချင် | ၈ | ၂၂ | ၁၀ | ၁၃ | ၄ | ၄ | ၆၁ | ၈.၄၈ |
| မန္တလေး | ၀ | ၁၄ | ၁၂ | ၁၆ | ၆ | ၇ | ၅၅ | ၇.၆၄ |
| မကွေး | ၁ | ၁၄ | ၆ | ၁၈ | ၄ | ၁၂ | ၅၅ | ၇.၆၄ |
| ပဲခူး | ၀ | ၁၁ | ၅ | ၁၄ | ၃ | ၄ | ၃၇ | ၅.၁၄ |
| မွန် | ၂ | ၁၇ | ၇ | ၈ | ၁ | ၂ | ၃၇ | ၅.၁၄ |
| စစ်ကိုင်း | ၀ | ၁၅ | ၄ | ၇ | ၂ | ၇ | ၃၅ | ၄.၈၆ |
| တနင်္သာရီ | ၀ | ၁၀ | ၃ | ၉ | ၅ | ၇ | ၃၄ | ၄.၇၂ |
| ရှမ်း | ၁ | ၁၃ | ၄ | ၆ | ၂ | ၃ | ၂၉ | ၄.၀၃ |
| ကရင် | ၀ | ၁၀ | ၂ | ၁ | ၃ | ၃ | ၁၉ | ၂.၆၄ |
| ကယား | ၀ | ၅ | ၁ | ၁ | ၀ | ၀ | ၇ | ၀.၉၇ |

## ၄.၁.၅။ အမျိုးသားလွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း

အမျိုးသားလွှတ်တော်တွင် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေးများအတွင်း အဓိက မေးခွန်းမေးမြန်းကြသည့် ကဏ္ဍများမှာ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ မေးခွန်းများဖြစ်သည်။ အခြေခံအဆောက်အအုံဆိုင်ရာ မေးခွန်းများမှာ အမျိုးသားလွှတ်တော်တွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများအားလုံး၏ ၂၇.၆၇ ရာခိုင်နှုန်းထိအောင် နေရာယူထားသည်ကို တွေ့ရသည်။

ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေး အကြိမ်တိုင်းတွင် ထည့်သွင်းမေးမြန်းလေ့ရှိသော အကြောင်းအရာ/ကဏ္ဍများမှာ အခြေခံအဆောက်အအုံ၊ ပညာရေး၊ အုပ်ချုပ်ရေး၊ ဝန်ဆောင်မှု၊ ပို့ဆောင်ရေး၊ စီးပွားရေး၊ စွမ်းအင် တို့နှင့် စပ်လျဉ်းသည့် မေးခွန်းများ ဖြစ်သည်။ ပုံမှန် အစည်းအဝေး ခြောက်ကြိမ်လုံး တွင် တင်သွင်းမေးမြန်းခဲ့ခြင်း မရှိသော်လည်း မေးခွန်းအရေ အတွက် များပြားသည့် အကြောင်းအရာ/ကဏ္ဍ များ မှာ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင် ရာ ကြယ်ပွင့်ပြ မေးခွန်းများ ဖြစ်သည်။

အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးများအတွင်း တင်သွင်း မေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၁၄ ခု ရှိသည်ကို တွေ့ရသည်။ ဒုတိယပုံမှန်အစည်းအဝေးများ အတွင်း တင်သွင်း မေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၁ ခု၊ တတိယပုံမှန် အစည်းအဝေးများ ကာလအတွင်း ၉ ခု၊ စတုတ္ထပုံမှန်အစည်းအဝေးများအတွင်း တင်သွင်း မေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၇ ခု၊ ပဥ္စမ ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၁၆ ခု၊ ဆဋ္ဌမ ပုံမှန်အစည်းအဝေးများအတွင်း တင် သွင်းမေးမြန်းခဲ့ခြင်းမရှိသော အကြောင်းအရာ/ကဏ္ဍ ၁၀ ခု အသီးသီး ရှိသည်ကိုလည်း တွေ့ရသည်။

## ၄.၁.၆။ အမျိုးသားလွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း


အမျိုးသားလွှတ်တော်တွင် မေးခွန်းများ မေးမြန်းရာတွင် မဲဆန္ဒရှင်များကို ကိုယ်စားပြုရန်ရည်ရွယ်ချက် ထင်ဟပ်သည့် မေးခွန်းများကို အများဆုံးတွေ့ရသည်။ လွှတ်တော်ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မေးခွန်းစုစုပေါင်း ၇၁၉ ခုတွင် မဲဆန္ဒရှင်များကို ကိုယ်စားပြုရန် ရည်ရွယ်သည့် မေးခွန်းပေါင်း ၄၇၁ ခုထိ ရှိခဲ့သည်။ ထို့ကြောင့် ရာခိုင်နှုန်းအားဖြင့် မေးခွန်း

**ဇယား (၄-၇) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းအရေအတွက်ကို အကြောင်းအရာ/ကဏ္ဍ အလိုက်၊ အစည်းအဝေးအကြိမ်အလိုက် ခွဲခြားလေ့လာသည့် ဇယား**

| အကြောင်း အရာ ကဏ္ဍ | အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|
| | ပထမ အကြိမ် | ဒုတိယ အကြိမ် | တတိယ အကြိမ် | စတုတ္ထ အကြိမ် | ပဉ္စမ အကြိမ် | ဆဋ္ဌမ အကြိမ် | စုစုပေါင်း |
| အခြေခံအဆောက်အအုံ | ၇ | ၇၆ | ၃၀ | ၃၇ | ၂၃ | ၂၆ | ၁၉၉ |
| ကျန်းမာရေး | ၀ | ၂၅ | ၁၁ | ၁၇ | ၄ | ၁၈ | ၇၅ |
| ပညာရေး | ၃ | ၂၇ | ၃ | ၂၄ | ၁၃ | ၅ | ၇၅ |
| အုပ်ချုပ်ရေး | ၁ | ၁၉ | ၁၂ | ၂၀ | ၅ | ၁၁ | ၆၉ |
| ဝန်ဆောင်မှုလုပ်ငန်း | ၃ | ၁၈ | ၇ | ၅ | ၁ | ၈ | ၄၂ |
| စိုက်ပျိုးရေး | ၂ | ၁၇ | ၁၂ | ၈ | ၂ | ၀ | ၄၁ |
| သဘာဝပတ်ဝန်းကျင် | ၂ | ၁၃ | ၅ | ၈ | ၀ | ၆ | ၃၄ |
| ပို့ဆောင်ရေး | ၄ | ၁၁ | ၄ | ၅ | ၁ | ၅ | ၃၀ |
| စီးပွားရေး | ၂ | ၉ | ၂ | ၃ | ၁ | ၂ | ၁၉ |
| လူမှုအထောက်အပံ့ | ၀ | ၄ | ၃ | ၅ | ၀ | ၄ | ၁၆ |
| ဘဏ္ဍာရေး | ၀ | ၅ | ၅ | ၄ | ၀ | ၀ | ၁၄ |
| ယဉ်ကျေးမှု | ၀ | ၃ | ၃ | ၃ | ၀ | ၂ | ၁၁ |
| မြေယာသိမ်းဆည်းမှု | ၀ | ၇ | ၀ | ၂ | ၁ | ၀ | ၁၀ |
| အားကစား | ၀ | ၂ | ၂ | ၃ | ၀ | ၃ | ၁၀ |
| စွမ်းအင် | ၁ | ၁ | ၁ | ၃ | ၂ | ၁ | ၉ |
| စက်မှုလုပ်ငန်း | ၂ | ၁ | ၃ | ၁ | ၁ | ၀ | ၈ |
| ဖွံ့ဖြိုးတိုးတက်မှု | ၁ | ၆ | ၀ | ၀ | ၀ | ၁ | ၈ |
| နိုင်ငံရေး | ၀ | ၄ | ၁ | ၂ | ၀ | ၀ | ၇ |
| အိုးအိမ်မြေယာ | ၀ | ၂ | ၀ | ၃ | ၀ | ၁ | ၆ |
| ခရီးသွားလုပ်ငန်း | ၂ | ၃ | ၁ | ၀ | ၀ | ၀ | ၆ |
| အလုပ်သမားရေး | ၀ | ၁ | ၂ | ၁ | ၀ | ၁ | ၅ |
| တိုင်းရင်းသားအရေး | ၁ | ၂ | ၀ | ၁ | ၁ | ၀ | ၅ |
| တရားရေး | ၀ | ၂ | ၀ | ၂ | ၀ | ၁ | ၅ |
| အခွန် | ၂ | ၀ | ၀ | ၂ | ၀ | ၀ | ၄ |
| ငြိမ်းချမ်းရေး | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၃ |
| သတ္တုတူးဖော်ခြင်း | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၃ |
| မွေးမြူရေး | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၂ |
| ဘာသာရေး | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၂ |
| ဥပဒေပြုရေး | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |

**မှတ်ချက် ။ ။ မီးခိုးရောင်ဖြင့် အလျားလိုက် ဖော်ပြထားသော ကြယ်ပွင့်ပြမေးခွန်း အကြောင်းအရာ/ကဏ္ဍနှင့် ကိန်းဂဏန်းများသည် လွှတ်တော် ပုံမှန် အစည်းအဝေးတိုင်းတွင် ထည့်သွင်းမေးမြန်းခဲ့သည့် အကြောင်းအရာ/ကဏ္ဍများ ဖြစ်သည်။**

## အမျိုးသားလွှတ်တော်





ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြောင်းအရာ/ကဏ္ဍအလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှု ဂရပ်ဖ်ပုံ

အားလုံး၏ ၆၅.၅၁ ရာခိုင်နှုန်း ရှိနေသည်။


၃၂.၈၂ ရာခိုင်နှုန်းမှာ အစိုးရကို ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်သည့် မေးခွန်းများဖြစ်ပြီး ဥပဒေပြုရေးရည်ရွယ်သည့် မေးခွန်း ၁၂ ခု (ရာခိုင်နှုန်းအားဖြင့် ၁.၆၇ ရာခိုင်နှုန်း) မေးမြန်းခဲ့ကြောင်း တွေ့ရသည်။

လွှတ်တော်အစည်းအဝေး တစ်ကြိမ်ချင်းစီကို နှိုင်းယှဉ်ကြည့်ပါက ရည်ရွယ်ချက် သုံးမျိုးဖြင့် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၏ ပေါင်းစပ်ပါဝင်မှုနှင့် အတက်အကျတို့ ကွာခြားခြင်း မရှိသည်ကို တွေ့ရသည်။ မေးခွန်း ၉၈ ရာခိုင်နှုန်းကျော်ဖြစ်သည့် အစိုးရကို ထိန်းကျောင်းစိစစ်မှုနှင့် ကိုယ်စားပြုမှု ရည်ရွယ်ချက်ထင်ဟပ်သော မေးခွန်းအမျိုးအစားများသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးတွင်အရေအတွက်အရ အမြင့်ဆုံးပါဝင်ခဲ့ကြပြီး ယင်းနောက် ပုံမှန်အစည်းအဝေးတစ်ကြိမ်ခြားစီတွင် မြင့်တက်ခြင်းနှင့် ကျဆင်းခြင်းများ ပေါ်ပေါက်ခဲ့သည်။ ဒုတိယပုံမှန် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလတွင် အစိုးရကို ထိန်းကျောင်းစိစစ်မှုနှင့် ကိုယ်စားပြုမှု ရည်ရွယ်ချက်ဖြင့် မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းများ များပြားခဲ့ရခြင်းမှာ ထိုအစည်းအဝေးကာလသည် အမျိုးသားလွှတ်တော်၏ ပုံမှန် အစည်းအဝေး ခြောက်ကြိမ်အတွင်း ကြယ်ပွင့်ပြ မေးခွန်းအများဆုံး မေးမြန်းခဲ့သောကြောင့် ဖြစ်သည်။ ရာခိုင်နှုန်းအရမူ ကြယ်ပွင့်ပြမေးခွန်း ၂၆၅ ခု မေးမြန်းခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း မဲဆန္ဒရှင်များကို ကိုယ်စားပြုရန် ရည်ရွယ်သည့် မေးခွန်း ၁၇၄ ခု ရှိခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ထိုအစည်းအဝေးကာလတွင်း

အမျိုးသားလွှတ်တော်




အမျိုးသားလွှတ်တော်




မေးခွန်းပေါင်း၏ ၆၅.၆ ရာခိုင်နှုန်းရှိခဲ့သည်ဟု တွေ့ရမည်ဖြစ်သည်။

ဥပဒေပြုရေး ရည်ရွယ်ချက်ဖြင့် မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများကို ပထမအကြိမ်၊ ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း မေးမြန်းနိုင်ခဲ့ခြင်း မရှိချေ။

### ၄.၁.၇။ အမျိုးသားလွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများအား တုံ့ပြန်ဖြေကြားမှု အမျိုးအစားများကို လေ့လာခြင်း

အမျိုးသားလွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန် အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြမေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက လာရောက်ဖြေဆို ရှင်းလင်းကြရာတွင် ဒုတိယအကြိမ် ပုံမှန် အစည်းအဝေးကာလသည် စုစုပေါင်းကြယ်ပွင့်ပြမေးခွန်း အရေအတွက် အများဆုံး ဖြစ်သည့်နည်းတူ အပြုသဘောဆောင်သည့် တုံ့ပြန်မှု၊ ငြင်းဆို တုန့်ပြန်မှုနှင့် ရောပြွမ်းတုံ့ပြန်မှုတို့ အရေအတွက်အရ အများဆုံး ဖြစ်ခဲ့ကြောင်း တွေ့ရသည်။ မရှင်းလင်းသည့် တုံ့ပြန်မှုများမှာ စတုတ္ထအကြိမ်တွင် အရေအတွက်အရ အများဆုံး ဖြစ်ပြီး ဆောင်ရွက်ဆဲဟု တုံ့ပြန်မှုများကမူ ဒုတိယအကြိမ်တွင် အများဆုံး ဖြစ်သည်။

အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း ၉၇ ခု မေးမြန်းဖြေကြားခဲ့သည့်အနက် ၆၈ ခု (၇၀.၁ ရာခိုင်နှုန်း) ကို အပြုသဘောဆောင် တုံ့ပြန်ဖြေကြားခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အပြုသဘောဆောင် တုံ့ပြန် ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံး ဖြစ်ခဲ့သည်။

အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း ၃၄ ခု မေးမြန်းဖြေကြားခဲ့သည့် အနက် ၈ ခု (၂၃.၅ ရာခိုင်နှုန်း) ကို ငြင်းဆိုတုံ့ပြန်ဖြေကြားခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း ငြင်းဆိုတုံ့ပြန် ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

**ဇယား (၄-၈) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တုံ့ပြန်မှုအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်းအရေအတွက်ဇယား**

| | အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြမေးခွန်းအရေအတွက် | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပထမအကြိမ် | | ဒုတိယအကြိမ် | | တတိယအကြိမ် | | စတုတ္ထအကြိမ် | | ပဉ္စမအကြိမ် | | ဆဋ္ဌမအကြိမ် | | စုစုပေါင်း |
| | | % | | % | | % | | % | | % | | % | |
| အပြုသဘော | ၁၃ | ၃၈.၃ | ၁၅၇ | ၅၉.၂ | ၆၄ | ၅၉.၃ | ၇၉ | ၄၉.၄ | ၃၄ | ၆၁.၈ | ၆၈ | **၇၀.၁** | ၄၁၅ |
| ငြင်းဆို | ၈ | **၂၃.၅** | ၃၇ | ၁၄.၀ | ၂၁ | ၁၉.၄ | ၂၇ | ၁၆.၉ | ၁၁ | ၂၀.၀ | ၁၆ | ၁၆.၅ | ၁၂၀ |
| မရှင်းလင်း | ၃ | **၈.၈** | ၁၀ | ၃.၈ | ၅ | ၄.၆ | ၁၃ | ၈.၁ | ၀ | ၀.၀ | ၃ | ၃.၁ | ၃၄ |
| ရောပြွမ်း | ၃ | **၈.၈** | ၁၁ | ၄.၁ | ၅ | ၄.၆ | ၃ | ၁.၉ | ၆ | **၁၀.၉** | ၁ | ၁.၀ | ၂၉ |
| ဆောင်ရွက်ဆဲ | ၇ | ၂၀.၆ | ၅၀ | ၁၈.၉ | ၁၃ | ၁၂.၁ | ၃၈ | **၂၃.၇** | ၄ | ၇.၃ | ၉ | ၉.၃ | ၁၂၁ |
| | ၃၄ | ၁၀၀ | ၂၆၅ | ၁၀၀ | ၁၀၈ | ၁၀၀ | ၁၆၀ | ၁၀၀ | ၅၅ | ၁၀၀ | ၉၇ | ၁၀၀ | ၇၁၉ |

အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ကာလအတွင်းမှာပင် မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများထဲတွင် ၃ ခု (၈.၈ ရာခိုင်နှုန်း) ကို မရှင်းလင်းသည့် တုံ့ပြန်ဖြေကြားမှုများသာ ရရှိခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း မရှင်းလင်းသည့် တုံ့ပြန်ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ၅၅ ခု မေးမြန်း ဖြေကြားခဲ့သည့် အနက် ၆ ခု (၁၀.၉ ရာခိုင်နှုန်း) ကို ရောပြွမ်းသည့် တုံ့ပြန်ဖြေကြားမှုများ ရရှိခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း ရောပြွမ်းသည့် တုံ့ပြန်ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း ၁၆၀ ခု မေးမြန်းဖြေကြားခဲ့သည့် အနက် ၃၈ ခု (၂၃.၇ ရာခိုင်နှုန်း) ကို ဆောင်ရွက်ဆဲဟု တုံ့ပြန်ဖြေကြားခဲ့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း ဆောင်ရွက်ဆဲဟု တုံ့ပြန်ဖြေကြားမှု ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

# အခန်း (၅)
# ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်ထောင်စုလွှတ်တော်၌ တင်သွင်းခဲ့သည့် မေးခွန်းများ

## အရေအတွက်အခြေပြု လေ့လာချက်

ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်ဟူသည့် လွှတ်တော်နှစ်ရပ်ပေါင်းထားခြင်းဖြစ်သော်လည်း မေးခွန်းမေးမြန်းခြင်းထက် အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းဆွေးနွေးခြင်း ကိစ္စရပ်များကို အများဆုံး ပြုလုပ်သည့် လွှတ်တော်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်တွင် မေးခွန်းအများစုကို ကိုယ်စားလှယ်ဦးရေ ပိုများသည့် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ်များက အများဆုံး မေးမြန်းထားကြောင်း တွေ့ရှိရသည်။


ပြည်ထောင်စုလွှတ်တော်တွင် မေးခွန်းအများစုကို ဗမာတိုင်းရင်းသားများက မေးမြန်းထားပြီး ဒုတိယအများဆုံး မေးမြန်းထားသည့် တိုင်းရင်းသားများမှာ မွန်တိုင်းရင်းသားများဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ လွှတ်တော်အမတ်များသည် ပြည်ထောင်စုလွှတ်တော်တွင် မေးခွန်းအများစု မေးမြန်းထားသည်။ အခြားတိုင်းရင်းသားလွှတ်တော်အမတ်များသည်လည်း ပြည်ထောင်စုလွှတ်တော်တွင်

**ဇယား (၅-၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းအရေအတွက်ကို အကြောင်းအရာ/ကဏ္ဍ အလိုက်၊ အစည်းအဝေးအကြိမ်အလိုက် ခွဲခြားလေ့လာသည့် ဇယား**

| အကြောင်းအရာ/ကဏ္ဍ | ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြ မေးခွန်း အရေအတွက် | | |
|---|---|---|---|
| | ပထမ အကြိမ် | တတိယ အကြိမ် | စုစုပေါင်း |
| အခြေခံအဆောက်အအုံ | ၇ | ၀ | ၇ |
| စီးပွားရေး | ၄ | ၀ | ၄ |
| စိုက်ပျိုးရေး | ၄ | ၀ | ၄ |
| နိုင်ငံရေး | ၂ | ၁ | ၃ |
| ပညာရေး | ၃ | ၀ | ၃ |
| နိုင်ငံသားအခွင့်အရေး | ၁ | ၀ | ၁ |
| စွမ်းအင် | ၁ | ၀ | ၁ |
| လူမှုအထောက်အပံ့ | ၁ | ၀ | ၁ |
| | ၂၃ | ၁ | ၂၄ |

**ဇယား (၅-၂) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တုံ့ပြန်မှုအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်းအရေအတွက်ဇယား**

| | ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြမေးခွန်းအရေအတွက် | | |
|---|---|---|---|
| | ပထမအကြိမ် | တတိယအကြိမ် | စုစုပေါင်း |
| အပြုသဘော | ၁၄ | ၁ | ၁၅ |
| ငြင်းဆို | ၂ | ၀ | ၂ |
| မရှင်းလင်း | ၅ | ၀ | ၅ |
| ရောပြွမ်း | ၂ | ၀ | ၂ |
| ဆောင်ရွက်ဆဲ | ၀ | ၀ | ၀ |
| | ၂၃ | ၁ | ၂၄ |





**ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ တိုင်းရင်းသားအလိုက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှု အချိုးအစားပြ သရုပ်ဖော်ပုံ**

အစိုးရအား ထိန်းကျောင်းစိစစ်ရေးအတွက် ရည်ရွယ်သည့် မေးခွန်းများ မေးမြန်းထားကြောင်း တွေ့ရသည်။

## ၅.၁.၀။ ပြည်ထောင်စုလွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း

ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများ ကျင်းပခဲ့သော်လည်း ပထမပုံမှန် အစည်းအဝေးနှင့် တတိယပုံမှန်အစည်းအဝေး နှစ်ရပ်အတွင်း၌သာ မေးခွန်းများ မေးမြန်းခဲ့ကြောင်း တွေ့ရသည်။ စုစုပေါင်း ကြယ်ပွင့်ပြမေးခွန်း ၂၄ ခုတွင် အကြောင်းအရာ/ကဏ္ဍအားဖြင့် ရှစ်မျိုး



သာ တွေ့ရသည်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် မေးခွန်းများမှာ ၇ ခုထိ ရှိခဲ့သည်။ စီးပွားရေးဆိုင်ရာနှင့် စိုက်ပျိုးရေးဆိုင်ရာ အကြောင်းအရာ/ကဏ္ဍများအတွက် မေးခွန်း ၄ ခုစီ မေးမြန်းခဲ့သည်။ နိုင်ငံရေးနှင့် ပညာရေးဆိုင်ရာ အကြောင်းအရာ/ကဏ္ဍများအတွက် မေးခွန်း ၃ ခုစီကိုလည်းကောင်း၊ နိုင်ငံသား အခွင့်အရေး၊ စွမ်းအင်နှင့် လူမှုအထောက်အပံ့ဆိုင်ရာ အကြောင်းအရာ/ကဏ္ဍများအတွက် မေးခွန်း တစ်ခုစီကိုလည်းကောင်း မေးမြန်းခဲ့သည်။ မေးခွန်းစုစုပေါင်း ၂၄ ခု ရှိခဲ့သည့်အနက် ၂၃ ခုကို ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင်ပင် မေးမြန်းပြီးစီးခဲ့ခြင်း ဖြစ်သည်။

မေးမြန်းဖြေကြားခဲ့သည့် အကြောင်းအရာ/ကဏ္ဍ အလိုက်၊ အစည်းအဝေးအကြိမ်အလိုက် ကြယ်ပွင့်ပြမေးခွန်းများ၏ အရေအတွက်ကို ဇယား (၃-၅) တွင် နှိုင်းယှဉ်ကြည့်ရှုနိုင်ပါသည်။

## ၅.၂.၀။ ပြည်ထောင်စုလွှတ်တော်တွင် မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း

ပြည်ထောင်စုလွှတ်တော်တွင် မေးခွန်းများမေးမြန်းရာတွင် မေးခွန်းအရေအတွက် နည်းပါးသော်လည်း ထက်ဝက်ကျော်ဖြစ်သည့် မေးခွန်း ၁၃ ခုမှာ အစိုးရကို ထိန်းကျောင်းစိစစ်ရန်ရည်ရွယ်ချက်ထင်ဟပ်သည့်မေးခွန်းများ ဖြစ်သည်။ မေးခွန်း ၂၃ ခု မေးမြန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် မဲဆန္ဒရှင်များကို ကိုယ်စားပြုရန် ရည်ရွယ်သော မေးခွန်း ၉ ခုနှင့် ဥပဒေပြုမှုကို ရည်ရွယ်သည့် မေးခွန်း တစ်ခုကို တွေ့ရသည်။ တတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် တစ်ခုတည်းသော မေးခွန်းသည်လည်း အစိုးရကို ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်ချက်ဖြင့် မေးမြန်းခြင်း ဖြစ်သည်။

## ၅.၃.၀။ ပြည်ထောင်စုလွှတ်တော်တွင်မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများအား တုံ့ပြန်ဖြေကြားမှုအမျိုးအစားများကို လေ့လာခြင်း

စုစုပေါင်း မေးခွန်း ၂၄ ခု ရှိသည့် ပြည်ထောင်စုလွှတ်တော်တွင် ပထမပုံမှန် အစည်းအဝေးအတွင်း အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေကြားမှု ၁၄ ခုထိ ရှိခဲ့ကြောင်း တွေ့ရသည်။ တတိယပုံမှန်အစည်းအဝေး အတွင်းတွင်လည်း တစ်ခုတည်းသော မေးခွန်းအား အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေကြားမှု ရရှိခဲ့သည်။ ပထမပုံမှန် အစည်းအဝေးတွင် ငြင်းဆိုသည့်တုံ့ပြန်မှု ၂ ခု၊ မရှင်းလင်းသည့် တုံ့ပြန်မှု ၅ ခုနှင့် ရောပြွမ်းတုံ့ပြန်မှု ၂ ခု တို့ကို တွေ့ခဲ့ရသည်။ ပထမ ပုံမှန်အစည်းအဝေးတွင်ရော တတိယ ပုံမှန် အစည်းအဝေးတွင်ပါ ဆောင်ရွက်ဆဲဟု တုံ့ပြန်

ဖြေကြားမှု မတွေ့ခဲ့ရပါ။

## အခန်း (၆)

### အကြံပြုချက်များ

လွှတ်တော်၏ လုပ်ငန်းဆောင်တာများတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ မေးခွန်းများ မေးမြန်းခြင်းသည် အစိုးရ၏ လုပ်ငန်းဆောင်တာများကို ထိန်းကျောင်းစိစစ်ခြင်း ဖြစ်သည့်နည်းတူ တစ်ချိန်တည်းတွင် အစိုးရက လက်ခံကျင့်သုံးလျက်ရှိသော မူဝါဒများကို မေးမြန်းခြင်း၊ မူဝါဒများ ချမှတ်ပုံဖော်ရာတွင် အထောက်အကူပြုပါဝင်ခြင်း၊ ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အခွင့်အလမ်းဖြစ်ပေါ်စေခြင်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက မဲဆန္ဒရှင်ပြည်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးခြင်းတို့ကိုလည်း ပြီးမြောက်စေသည့် လုပ်ငန်းဆောင်တာတစ်ရပ် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများသည် သက်ဆိုင်ရာ လွှတ်တော် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ဖြတ်သန်း၍ ဖြေကြားခြင်း ခံကြရပါသည်။ အချို့သောမေးခွန်းများကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက လွှတ်တော်သို့လာရောက်၍ နှုတ်ဖြင့် ဖြေကြားကြပြီး၊ အချို့သော မေးခွန်းများသည် မေးမြန်းသူ လွှတ်တော်ကိုယ်စားလှယ်ထံသို့ စာဖြင့် ရေးသားဖြေကြားရခြင်း ဖြစ်သည်။ နိုင်ငံတော် လုံခြုံရေးနှင့် သက်ဆိုင်သော ကိစ္စရပ်များမှအပ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်းအဖြစ် သတ်မှတ်ဖြေကြားခြင်းမခံရသော မေးခွန်းများနှင့် အဖြေများ၊ ထို့ပြင် စာဖြင့် ရေးသားဖြေဆိုတုန့်ပြန်သော ကြယ်ပွင့်မပြ မေးခွန်းများနှင့် ယင်းတို့အတွက်အဖြေများကို အများပြည်သူသို့ တင်ပြရန် လိုအပ်ပါသည်။ ထို့အတွက် အထောက်အပံ့ဖြစ်စေမည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လွှတ်တော် ကိုယ်စားလှယ်များမှ တာဝန်ခံမှုရှိစွာ အလေးထားဖော်ဆောင်နိုင်လျှင် နိုင်ငံသားမဲဆန္ဒရှင်များ၏ အကျိုးစီးပွားနှင့် နိုင်ငံ့ဂုဏ်သိက္ခာတို့ကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရသည်။

လွှတ်တော်သက်တမ်း ရှည်ကြာလာသည်နှင့်အမျှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် မေးခွန်းများကို ပိုမိုချောမွေ့စွာ ဖြေကြားလာနိုင်ကြပြီး၊ အဖြေများ တိုးတက်ကောင်းမွန်လာသည် မှန်သော်လည်း ၄င်းတို့၏ ကတိကဝတ်များအား အကောင်အထည်ဖော်မှုကို အစိုးရ၏ ကတိကဝတ်၊ အာမခံချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စိစစ်ရေးကော်မတီများမှ စောင့်ကြည့်ပြီး ပုံမှန် အစီရင်ခံစာများ ထုတ်ဝေပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူသို့ ထုတ်ပြန်ပေးနိုင်လျှင် မေးခွန်းများ၏ ထိရောက်မှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း တွေ့ရှိရသည်။

အစိုးရကို အပြန်အလှန် ထိန်းကျောင်းရေးနှင့် မဲဆန္ဒရှင်များကို ကိုယ်စားပြုရေးတို့အတွက် လွှတ်တော်၏ အခြေခံအကျဆုံးလုပ်ငန်းဖြစ်သည့် မေးခွန်းမေးမြန်းခြင်းကို အသုံးပြုကြ

သည်။ ဖြေဆိုမှုများအပေါ် ကျေလည်မှုမရှိပါက ချက်ချင်းပြန်လည် စောဒကတက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော အဖြေများကို ရှာဖွေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မေးခွန်းမေးမြန်း ဖြေကြားခြင်း ကဏ္ဍတွင် ဖြေကြားမှုများကို စောဒကတတ်သည့် အလေ့အထ တစ်ရပ်ကို ဖန်တီးရန် လိုအပ်သည်။ ထို့ကြောင့် မေးခွန်းများ မေးမြန်းရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပြန်လည် ဖြေကြားသော အဖြေများကို လွှတ်တော်၏ အစိုးရ၏ အာမခံချက်၊ ကတိကဝတ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စိစစ်ရေးကော်မတီမှ စောင့်ကြည့်အကဲဖြတ်ပြီး ပုံမှန်အစီရင်ခံစာများကို ထုတ်ပြန်ကာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများထံ ဖြန့်ဝေပေးခြင်းအားဖြင့် မေးခွန်းများ၏ ထိရောက်မှုကို ပိုမို မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

ထို့ပြင် လွှတ်တော်မှ သတင်းအချက်အလက်များကို (က) အချိန်နှင့် တစ်ပြေးညီ၊ (ခ) ထိရောက်သော နည်းလမ်းများဖြင့် (ဂ) လူထုလူတန်းစာမရွေးသို့ ရောက်ရှိနိုင်ရန် ပွင့်လင်းမြင်သာသော အခြေခံဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်တည်ဆောက်သင့်ပါသည်။

ယခုနှစ်များအတွင်း လွှတ်တော်စောင့်ကြည့်လေ့လာရေးနှင့် လွှတ်တော်နှင့် ပတ်သက်သည့် သတင်းအချက်အလက်နှင့် အသိပညာများကို ဖြန့်ဝေသော အရပ်ဘက် လူ့အဖွဲ့အစည်း အချို့ ပေါ်ပေါက်လာခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ လွှတ်တော်စောင့်ကြည့်လေ့လာရေးနှင့် သတင်းအချက်အလက်၊ အသိပညာ ဖြန့်ဝေသော လူ့အဖွဲ့အစည်းများ တည်ရှိနေမှုသည် နိုင်ငံ၏ ဒီမိုကရေစီ တည်ဆောက်ရေးတွင် အရေးပါပြီး၊ ကောင်းမွန်သော ရည်ရွယ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေခံများကိုလည်း ထူထောင်ရမည် ဖြစ်သည်။ လွှတ်တော်စောင့်ကြည့်လေ့လာရေး လူမှုအဖွဲ့အစည်းများကို အသိအမှတ်ပြုခြင်းအားဖြင့် ထိုသို့သော အဖွဲ့အစည်းများက လွှတ်တော်နှင့် ပတ်သက်သည့် အချက်အလက်မှန်များကို မဲဆန္ဒရှင် ပြည်သူများ ကျယ်ပြန့်စွာ သိရှိနိုင်ရန် အထောက်အပံ့ကောင်းဖြစ်စေနိုင်မည် ဖြစ်သည်။ အရပ်ဘက် အဖွဲ့အစည်းများနှင့် လွှတ်တော်ကြား တရားဝင် ဆက်ဆံရေးတစ်ရပ် ဖန်တီးခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ပိုမိုချောမွေ့နိုင်စေမည် ဖြစ်သည်။

လွှတ်တော်များအား စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းမှာ အဖွဲ့အစည်း တစ်ခုအနေဖြင့် ဆောင်ရွက်ရပြီး တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်ရန် ဖြစ်နိုင်သည့်မျိုး မဟုတ်ချေ။ စောင့်ကြည့်လေ့လာအကဲဖြတ်ရာတွင် ကွဲပြားခြားနားသော အမြင်များနှင့် ခိုင်လုံသည့် သတင်းအချက်အလက်ရင်းမြစ်များကို အသုံးပြုခွင့်ရနိုင်လျှင် ပိုမို ထိရောက်တိကျသော စောင့်ကြည့်လေ့လာမှုနည်းနာများနှင့် လေ့လာတွေ့ရှိချက်များ ပေါ်ထွက်နိုင်သည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းအုပ်စုများနှင့် မီဒီယာများ ဘက်စုံ ပါဝင်သည့် စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်သည် လွှတ်တော်၏ လုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုရှိစေပြီး နိုင်ငံအဝန်းမှ မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များကြား ပေါင်းကူးပေးနိုင်မည် ဖြစ်သည်။

## ကိုးကားစာအုပ်များ

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊
လွှတ်တော်ရုံး။
၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊
လွှတ်တော်ရုံး။
၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊
လွှတ်တော်ရုံး။
၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (စတုတ္ထတွဲ)၊
လွှတ်တော်ရုံး။
၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊
လွှတ်တော်ရုံး။
၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊
လွှတ်တော်ရုံး။
၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊
လွှတ်တော်ရုံး။
၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊
လွှတ်တော်ရုံး။
၁၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊
လွှတ်တော်ရုံး။
၁၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၁၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊
လွှတ်တော်ရုံး။
၁၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊
လွှတ်တော်ရုံး။
၁၄။ ပထမအကြိမ် အမျိုးသားလွှတ်တော်
ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၁၅။ ပထမအကြိမ် အမျိုးသားလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊
လွှတ်တော်ရုံး။
၁၆။ ပထမအကြိမ် အမျိုးသားလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊
လွှတ်တော်ရုံး။
၁၇။ ပထမအကြိမ် အမျိုးသားလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊
လွှတ်တော်ရုံး။
၁၈။ ပထမအကြိမ် အမျိုးသားလွှတ်တော်
တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊
လွှတ်တော်ရုံး။
၁၉။ ပထမအကြိမ် အမျိုးသားလွှတ်တော်
တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊
လွှတ်တော်ရုံး။
၂၀။ ပထမအကြိမ် အမျိုးသားလွှတ်တော်
စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊
လွှတ်တော်ရုံး။
၂၁။ ပထမအကြိမ် အမျိုးသားလွှတ်တော်
စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊
လွှတ်တော်ရုံး။
၂၂။ ပထမအကြိမ် အမျိုးသားလွှတ်တော်
ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။

၂၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၅။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၇။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၈။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၉။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၃၀။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၃၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၃၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၃၃။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၃၄။ The New Light of Myanmar; dated 25th October, 2011; 17th December, 2011; 7th, 14th January, 2012; 8th February, 2012; 4th July, 2012; 2nd August, 2012; 4th, 9th January, 2013; 13th June, 2013; 2nd August, 2013;
၃၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြန်တမ်း၊ ၄၊ မေ၊ ၂၀၁၂ ခုနှစ်။
၃၆။ မြန်မာ့ရက်စဉ်သမိုင်း (တတိယတွဲ၊ အပိုင်း-၂)၊ သမိုင်းသုတေသန ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

# နောက်ဆက်တွဲများ

| Questioning Parliament Session | First Regular Session of First Amyotha Hluttaw | Second Regular Session of First Amyotha Hluttaw | Third Regular Session of First Amyotha Hluttaw | Fourth Regular Session of First Amyotha Hluttaw | Fifth Regular Session of First Amyotha Hluttaw | Sixth Regular Session of First Amyotha Hluttaw | Total |
|---|---|---|---|---|---|---|---|
| Female | 0 | 1 | 3 | 0 | 0 | 0 | 4 |
| Male | 34 | 264 | 105 | 160 | 55 | 97 | 715 |
| Total | 34 | 265 | 108 | 160 | 55 | 97 | 719 |

| Questioning Parliament Session | First Regular Session of First Pyithu Hluttaw | Second Regular Session of First Pyithu Hluttaw | Third Regular Session of First Pyithu Hluttaw | Fourth Regular Session of First Pyithu Hluttaw | Fifth Regular Session of First Pyithu Hluttaw | Six Regular Session of First Pyithu Hluttaw | Total |
|---|---|---|---|---|---|---|---|
| Male | 46 | 35 | 287 | 153 | 79 | 183 | 783 |
| Female | 0 | 3 | 21 | 11 | 5 | 11 | 51 |
| Total | 46 | 38 | 308 | 164 | 84 | 194 | 834 |

| Questioning Parliament Session | First Regular Session of First Pyidaungsu Hluttaw | Third Regular Session of First Pyidaungsu Hluttaw | Total |
|---|---|---|---|
| Male | 22 | 1 | 23 |
| Female | 1 | 0 | 1 |
| Total | 23 | 1 | 24 |

| Questioning Parliament Session | First Regular Session of First Pyithu Hluttaw | Second Regular Session of First Pyithu Hluttaw | Third Regular Session of First Pyithu Hluttaw | Fourth Regular Session of First Pyithu Hluttaw | Fifth Regular Session of First Pyithu Hluttaw | Six Regular Session of First Pyithu Hluttaw | Total |
|---|---|---|---|---|---|---|---|
| Scrutiny | 24 | 21 | 170 | 107 | 45 | 108 | 475 |
| Legislation | 1 | 1 | 1 | 0 | 2 | 3 | 8 |
| Representation | 21 | 16 | 137 | 57 | 37 | 83 | 351 |
| Total | 46 | 38 | 308 | 164 | 84 | 194 | 834 |

| Questioning Parliament Session | First Regular Session of First Amyotha Hluttaw | Second Regular Session of First Amyotha Hluttaw | Third Regular Session of First Amyotha Hluttaw | Fourth Regular Session of First Amyotha Hluttaw | Fifth Regular Session of First Amyotha Hluttaw | Sixth Regular Session of First Amyotha Hluttaw | Total |
|---|---|---|---|---|---|---|---|
| Representation | 20 | 174 | 60 | 108 | 46 | 63 | 471 |
| Legislation | 0 | 5 | 3 | 3 | 0 | 1 | 12 |
| Scrutiny | 14 | 86 | 45 | 49 | 9 | 33 | 236 |
| Total | 34 | 265 | 108 | 160 | 55 | 97 | 719 |

| Questioning Parliament Session | First Regular Session of First Pyidaungsu Hluttaw | Third Regular Session of First Pyidaungsu Hluttaw | Total |
|---|---|---|---|
| Scrutiny | 13 | 1 | 14 |
| Legislation | 1 | 0 | 1 |
| Representation | 9 | 0 | 9 |
| Total | 23 | 1 | 24 |

| Questioning Parliament Session | First Regular Session of First Pyithu Hluttaw | Second Regular Session of First Pyithu Hluttaw | Third Regular Session of First Pyithu Hluttaw | Fourth Regular Session of First Pyithu Hluttaw | Fifth Regular Session of First Pyithu Hluttaw | Six Regular Session of First Pyithu Hluttaw | Total |
|---|---|---|---|---|---|---|---|
| Defense Services Personnel | 0 | 0 | 0 | 0 | 1 | 0 | 1 |
| Kachin | 6 | 0 | 13 | 2 | 6 | 5 | 32 |
| Kayah | 0 | 0 | 3 | 6 | 1 | 0 | 10 |
| Kayin | 3 | 0 | 5 | 3 | 3 | 5 | 19 |
| Chin | 1 | 0 | 8 | 6 | 1 | 6 | 22 |
| Mon | 0 | 0 | 7 | 2 | 0 | 5 | 14 |
| Rakhine | 13 | 0 | 21 | 6 | 5 | 17 | 62 |
| Shan | 14 | 7 | 46 | 22 | 11 | 29 | 129 |
| Sagaing | 0 | 0 | 49 | 11 | 16 | 23 | 99 |
| Magway | 0 | 0 | 16 | 3 | 0 | 2 | 21 |
| Mandalay | 0 | 1 | 31 | 25 | 12 | 24 | 93 |
| Bago | 0 | 0 | 33 | 11 | 6 | 19 | 69 |
| Yangon | 9 | 30 | 56 | 57 | 16 | 48 | 216 |
| Ayeyawady | 0 | 0 | 13 | 8 | 3 | 11 | 35 |
| Taninthayi | 0 | 0 | 7 | 2 | 3 | 0 | 12 |
| Total | 46 | 38 | 308 | 164 | 84 | 194 | 834 |

| Questioning Parliament Session | First Regular Session of First Amyotha Hluttaw | Second Regular Session of First Amyotha Hluttaw | Third Regular Session of First Amyotha Hluttaw | Fourth Regular Session of First Amyotha Hluttaw | Fifth Regular Session of First Amyotha Hluttaw | Sixth Regular Session of First Amyotha Hluttaw | Total |
|---|---|---|---|---|---|---|---|
| Taninthayi | 0 | 10 | 3 | 9 | 5 | 7 | 34 |
| Ayeyawady | 0 | 20 | 14 | 15 | 5 | 9 | 63 |
| Yangon | 6 | 42 | 18 | 29 | 6 | 19 | 120 |
| Bago | 0 | 11 | 5 | 14 | 3 | 4 | 37 |
| Mandalay | 0 | 14 | 12 | 16 | 6 | 7 | 55 |
| Magway | 1 | 14 | 6 | 18 | 4 | 12 | 55 |
| Sagaing | 0 | 15 | 4 | 7 | 2 | 7 | 35 |
| Shan | 1 | 13 | 4 | 6 | 2 | 3 | 29 |
| Rakhine | 4 | 30 | 8 | 13 | 6 | 10 | 71 |
| Mon | 2 | 17 | 7 | 8 | 1 | 2 | 37 |
| Chin | 12 | 42 | 14 | 10 | 8 | 9 | 95 |
| Kayin | 0 | 10 | 2 | 1 | 3 | 3 | 19 |
| Kayah | 0 | 5 | 1 | 1 | 0 | 0 | 7 |
| Kachin | 8 | 22 | 10 | 13 | 4 | 4 | 61 |
| Defense Services Personnel | 0 | 0 | 0 | 0 | 0 | 1 | 1 |
| Total | 34 | 265 | 108 | 160 | 55 | 97 | 719 |

| Questioning Parliament Session | First Regular Session of First Pyidaungsu Hluttaw | Third Regular Session of First Pyidaungsu Hluttaw | Total |
|---|---|---|---|
| Kayah | 2 | 0 | 2 |
| Chin | 1 | 0 | 1 |
| Mon | 3 | 0 | 3 |
| Shan | 4 | 0 | 4 |
| Mandalay | 4 | 0 | 4 |
| Bago | 2 | 0 | 2 |
| Yangon | 4 | 1 | 5 |
| Ayeyawady | 2 | 0 | 2 |
| Taninthayi | 1 | 0 | 1 |
| Total | 23 | 1 | 24 |

| Questioning Parliament Session | First Regular Session of First Pyithu Hluttaw | Second Regular Session of First Pyithu Hluttaw | Third Regular Session of First Pyithu Hluttaw | Fourth Regular Session of First Pyithu Hluttaw | Fifth Regular Session of First Pyithu Hluttaw | Six Regular Session of First Pyithu Hluttaw | Total |
|---|---|---|---|---|---|---|---|
| Defense Services Personnel | 0 | 0 | 0 | 0 | 1 | 0 | 1 |
| CNP | 0 | 0 | 4 | 2 | 0 | 1 | 7 |
| PDP | 3 | 0 | 3 | 2 | 1 | 3 | 12 |
| INDP | 0 | 0 | 2 | 1 | 1 | 2 | 6 |
| MDP | 0 | 0 | 2 | 2 | 0 | 1 | 5 |
| NDF | 6 | 10 | 21 | 21 | 7 | 18 | 83 |
| NLD | 0 | 0 | 0 | 1 | 1 | 10 | 12 |
| NUP | 2 | 4 | 10 | 6 | 1 | 0 | 23 |
| PNO | 0 | 0 | 0 | 3 | 0 | 6 | 9 |
| RNDP | 5 | 0 | 9 | 3 | 2 | 11 | 30 |
| SNDP | 11 | 3 | 19 | 1 | 4 | 17 | 55 |
| TPNP | 0 | 0 | 1 | 0 | 0 | 0 | 1 |
| USDP | 14 | 21 | 232 | 117 | 66 | 122 | 572 |
| WDP | 0 | 0 | 5 | 0 | 0 | 0 | 5 |
| Individual | 4 | 0 | 0 | 1 | 0 | 2 | 7 |
| CDP | 1 | 0 | 0 | 4 | 0 | 1 | 6 |
| Total | 46 | 38 | 308 | 164 | 84 | 194 | 834 |

| Questioning Parliament Session | First Regular Session of First Amyotha Hluttaw | Second Regular Session of First Amyotha Hluttaw | Third Regular Session of First Amyotha Hluttaw | Fourth Regular Session of First Amyotha Hluttaw | Fifth Regular Session of First Amyotha Hluttaw | Sixth Regular Session of First Amyotha Hluttaw | Total |
|---|---|---|---|---|---|---|---|
| Individual | 2 | 0 | 0 | 0 | 0 | 0 | 2 |
| WDP | 0 | 2 | 1 | 0 | 0 | 0 | 3 |
| USDP | 7 | 173 | 77 | 113 | 36 | 64 | 470 |
| UDP | 2 | 2 | 0 | 0 | 0 | 0 | 4 |
| TPNP | 1 | 2 | 0 | 0 | 1 | 0 | 4 |
| SNDP | 1 | 3 | 1 | 4 | 1 | 3 | 13 |
| RNDP | 1 | 19 | 6 | 8 | 6 | 7 | 47 |
| PSDP | 0 | 1 | 0 | 0 | 0 | 0 | 1 |
| NUP | 0 | 3 | 0 | 3 | 0 | 0 | 6 |
| NLD | 0 | 0 | 0 | 2 | 1 | 6 | 9 |
| NDF | 6 | 22 | 13 | 16 | 3 | 7 | 67 |
| KPP | 0 | 2 | 0 | 0 | 0 | 2 | 4 |
| CPP | 8 | 18 | 2 | 4 | 4 | 1 | 37 |
| CNP | 4 | 9 | 3 | 2 | 2 | 4 | 24 |
| AMRDP | 2 | 9 | 5 | 8 | 1 | 2 | 27 |
| Defense Services Personnel | 0 | 0 | 0 | 0 | 0 | 1 | 1 |
| Total | 34 | 265 | 108 | 160 | 55 | 97 | 719 |

| Questioning Parliament Session | First Regular Session of First Pyidaungsu Hluttaw | Third Regular Session of First Pyidaungsu Hluttaw | Total |
|---|---|---|---|
| AMRDP | 1 | 0 | 1 |
| CPP | 1 | 0 | 1 |
| MDP | 2 | 0 | 2 |
| SNDP | 1 | 0 | 1 |
| USDP | 15 | 1 | 16 |
| WDP | 2 | 0 | 2 |
| Individual | 1 | 0 | 1 |
| Total | 23 | 1 | 24 |

| Questioning Parliament Session | First Regular Session of First Amyotha Hluttaw | Second Regular Session of First Amyotha Hluttaw | Third Regular Session of First Amyotha Hluttaw | Fourth Regular Session of First Amyotha Hluttaw | Fifth Regular Session of First Amyotha Hluttaw | Sixth Regular Session of First Amyotha Hluttaw | Total |
|---|---|---|---|---|---|---|---|
| Health | 0 | 25 | 11 | 17 | 4 | 18 | 75 |
| Environment | 2 | 13 | 5 | 8 | 0 | 6 | 34 |
| Finance | 0 | 5 | 5 | 4 | 0 | 0 | 14 |
| Peace | 1 | 2 | 0 | 0 | 0 | 0 | 3 |
| Culture | 0 | 3 | 3 | 3 | 0 | 2 | 11 |
| Land Grab | 0 | 7 | 0 | 2 | 1 | 0 | 10 |
| Politics | 0 | 4 | 1 | 2 | 0 | 0 | 7 |
| Real Estate | 0 | 2 | 0 | 3 | 0 | 1 | 6 |
| Labour | 0 | 1 | 2 | 1 | 0 | 1 | 5 |
| Education | 3 | 27 | 3 | 24 | 13 | 5 | 75 |
| Energy | 1 | 1 | 1 | 3 | 2 | 1 | 9 |
| Administration | 1 | 19 | 12 | 21 | 5 | 11 | 69 |
| Transportation | 4 | 11 | 4 | 5 | 1 | 5 | 30 |
| Industry | 2 | 1 | 3 | 1 | 1 | 0 | 8 |
| Breeding | 0 | 1 | 1 | 0 | 0 | 0 | 2 |
| Services | 3 | 18 | 7 | 5 | 1 | 8 | 42 |
| Tourism | 2 | 3 | 1 | 0 | 0 | 0 | 6 |
| Development | 1 | 6 | 0 | 0 | 0 | 1 | 8 |
| Ethnic Affairs | 1 | 2 | 0 | 1 | 1 | 0 | 5 |
| Infrasturctural Devel-opment | 7 | 76 | 30 | 37 | 23 | 26 | 199 |
| Judiciary | 0 | 2 | 0 | 2 | 0 | 1 | 5 |
| Religion | 0 | 1 | 0 | 0 | 0 | 1 | 2 |
| Sport | 0 | 2 | 2 | 3 | 0 | 3 | 10 |
| Legislation | 0 | 1 | 0 | 0 | 0 | 0 | 1 |
| Business | 2 | 9 | 2 | 3 | 1 | 2 | 19 |
| Agriculture | 2 | 17 | 12 | 8 | 2 | 0 | 41 |
| Mining | 0 | 2 | 0 | 0 | 0 | 1 | 3 |
| Social Welfare | 0 | 4 | 3 | 5 | 0 | 4 | 16 |
| Taxation | 2 | 0 | 0 | 2 | 0 | 0 | 4 |
| Total | 34 | 265 | 108 | 160 | 55 | 97 | 719 |

| Questioning Parliament Session | First Regular Session of First Pyidaungsu Hluttaw | Third Regular Session of First Pyidaungsu Hluttaw | Total |
|---|---|---|---|
| Politics | 2 | 1 | 3 |
| Civic Rights | 1 | 0 | 1 |
| Education | 3 | 0 | 3 |
| Energy | 1 | 0 | 1 |
| Infrasturctural Development | 7 | 0 | 7 |
| Business | 4 | 0 | 4 |
| Agriculture | 4 | 0 | 4 |
| Social Welfare | 1 | 0 | 1 |
| Total | 23 | 1 | 24 |

| Questioning Parliament Session | | First Regular Session of First Pyithu Hluttaw | Second Regular Session of First Pyithu Hluttaw | Third Regular Session of First Pyithu Hluttaw | Fourth Regular Session of First Pyithu Hluttaw | Fifth Regular Session of First Pyithu Hluttaw | Six Regular Session of First Pyithu Hluttaw | Total |
|---|---|---|---|---|---|---|---|---|
| Health | 0 | 0 | 3 | 22 | 15 | 6 | 13 | 59 |
| Environment | 0 | 2 | 1 | 7 | 7 | 4 | 8 | 29 |
| Finance | 0 | 0 | 1 | 4 | 3 | 5 | 5 | 18 |
| Peace | 0 | 0 | 2 | 2 | 1 | 0 | 0 | 5 |
| Culture | 0 | 1 | 1 | 3 | 2 | 2 | 2 | 11 |
| Land Grab | 0 | 0 | 0 | 1 | 0 | 1 | 3 | 5 |
| Politics | 0 | 6 | 2 | 2 | 9 | 1 | 4 | 24 |
| Real Estate | 0 | 0 | 1 | 1 | 0 | 2 | 4 | 8 |
| Labour | 0 | 1 | 0 | 2 | 2 | 0 | 3 | 8 |
| Civic Rights | 0 | 0 | 0 | 1 | 1 | 1 | 1 | 4 |
| Education | 0 | 8 | 8 | 34 | 11 | 9 | 16 | 86 |
| Energy | 0 | 0 | 1 | 5 | 1 | 1 | 2 | 10 |
| Administration | 0 | 6 | 5 | 20 | 23 | 9 | 33 | 96 |
| Transportation | 0 | 0 | 1 | 9 | 6 | 4 | 7 | 27 |
| Industry | 0 | 1 | 0 | 8 | 2 | 1 | 2 | 14 |
| Breeding | 0 | 0 | 0 | 5 | 2 | 1 | 0 | 8 |
| Services | 0 | 4 | 0 | 28 | 9 | 4 | 13 | 58 |
| Tourism | 0 | 0 | 0 | 3 | 1 | 0 | 1 | 5 |
| Development | 0 | 1 | 0 | 1 | 0 | 0 | 1 | 3 |
| Ethnic Affairs | 0 | 3 | 0 | 3 | 1 | 2 | 2 | 11 |
| Infrasturctural Development | 0 | 6 | 8 | 79 | 26 | 14 | 35 | 168 |
| Judiciary | 0 | 1 | 1 | 5 | 3 | 4 | 6 | 20 |
| Religion | 0 | 0 | 0 | 3 | 0 | 0 | 1 | 4 |
| Sport | 0 | 0 | 0 | 4 | 2 | 0 | 3 | 9 |
| Legislation | 0 | 0 | 0 | 1 | 2 | 3 | 1 | 7 |
| Business | 0 | 0 | 1 | 7 | 6 | 2 | 4 | 20 |
| Agriculture | 2 | 4 | 0 | 28 | 11 | 5 | 17 | 67 |
| Mining | 0 | 0 | 0 | 1 | 2 | 0 | 1 | 4 |
| Social Welfare | 0 | 2 | 2 | 9 | 8 | 3 | 4 | 28 |
| Taxation | 0 | 0 | 0 | 9 | 7 | 0 | 0 | 16 |
| Educatoin | 0 | 0 | 0 | 1 | 1 | 0 | 0 | 2 |
| Total | 2 | 46 | 38 | 308 | 164 | 84 | 192 | 834 |

| Questioning Parliament Session | First Regular Session of First Pyithu Hluttaw | Second Regular Session of First Pyithu Hluttaw | Third Regular Session of First Pyithu Hluttaw | Fourth Regular Session of First Pyithu Hluttaw | Fifth Regular Session of First Pyithu Hluttaw | Six Regular Session of First Pyithu Hluttaw | Total |
|---|---|---|---|---|---|---|---|
| Bamar | 13 | 31 | 220 | 124 | 59 | 129 | 576 |
| Kayin | 3 | 0 | 5 | 3 | 1 | 4 | 16 |
| Khu Phee Chin | 1 | 0 | 0 | 1 | 0 | 1 | 3 |
| La Chade | 0 | 0 | 2 | 1 | 1 | 0 | 4 |
| Rawan | 2 | 0 | 6 | 0 | 2 | 0 | 10 |
| Jane Phaw | 0 | 0 | 0 | 0 | 0 | 1 | 1 |
| Lesu | 1 | 0 | 0 | 0 | 0 | 0 | 1 |
| Law Waw | 0 | 0 | 1 | 0 | 0 | 0 | 1 |
| Shan-Bamar | 1 | 0 | 2 | 0 | 3 | 0 | 6 |
| Time Line | 1 | 0 | 2 | 0 | 0 | 1 | 4 |
| Inn | 0 | 0 | 2 | 1 | 1 | 0 | 4 |
| Mon | 0 | 0 | 3 | 3 | 0 | 3 | 9 |
| Kayah | 0 | 0 | 0 | 3 | 1 | 0 | 4 |
| Bamar-Dawei | 4 | 0 | 0 | 1 | 0 | 2 | 7 |
| Shan-Pao | 1 | 0 | 2 | 0 | 0 | 0 | 3 |
| Kokant | 0 | 0 | 2 | 1 | 1 | 0 | 4 |
| Danu | 0 | 3 | 1 | 1 | 0 | 0 | 5 |
| Lahu | 0 | 0 | 1 | 1 | 0 | 0 | 2 |
| Pao | 0 | 0 | 0 | 3 | 0 | 6 | 9 |
| Shan | 8 | 3 | 29 | 6 | 6 | 27 | 79 |
| Rakhine | 10 | 0 | 13 | 6 | 4 | 15 | 48 |
| Chin | 0 | 0 | 7 | 5 | 1 | 3 | 16 |
| Bamar-Chinese | 0 | 0 | 2 | 0 | 0 | 0 | 2 |
| Palaung | 0 | 0 | 1 | 0 | 0 | 0 | 1 |
| Nar Ga | 0 | 0 | 2 | 3 | 4 | 1 | 10 |
| Palaung | 0 | 0 | 1 | 0 | 0 | 0 | 1 |
| Wa | 0 | 0 | 3 | 0 | 0 | 0 | 3 |
| Total | 45 | 37 | 307 | 163 | 84 | 193 | 829 |

*(Ethnicity data of six MPs who raised questions are not available.)

| Questioning Parliament Session | First Regular Session of First Amyotha Hluttaw | Second Regular Session of First Amyotha Hluttaw | Third Regular Session of First Amyotha Hluttaw | Fourth Regular Session of First Amyotha Hluttaw | Fifth Regular Session of First Amyotha Hluttaw | Sixth Regular Session of First Amyotha Hluttaw | Total |
|---|---|---|---|---|---|---|---|
| Bamar | 10 | 141 | 70 | 114 | 34 | 66 | 435 |
| Kayan | 0 | 4 | 1 | 0 | 0 | 0 | 5 |
| Lisu | 0 | 1 | 0 | 1 | 0 | 0 | 2 |
| Kachin | 4 | 4 | 0 | 2 | 0 | 0 | 10 |
| Chin | 12 | 42 | 14 | 10 | 8 | 9 | 95 |
| Shan | 1 | 17 | 9 | 12 | 4 | 7 | 50 |
| Rakhine | 4 | 26 | 6 | 13 | 6 | 10 | 65 |
| Mon | 2 | 10 | 5 | 8 | 1 | 2 | 28 |
| Danu | 0 | 2 | 0 | 0 | 0 | 0 | 2 |
| Wa | 0 | 2 | 1 | 0 | 0 | 0 | 3 |
| Pa Laung | 1 | 2 | 0 | 0 | 1 | 0 | 4 |
| Narga | 0 | 3 | 0 | 0 | 0 | 0 | 3 |
| Chin/Shan | 0 | 3 | 0 | 0 | 0 | 1 | 4 |
| Kayin | 0 | 8 | 2 | 0 | 1 | 2 | 13 |
| Total | 34 | 265 | 108 | 160 | 55 | 97 | 719 |

| Questioning Parliament Session | First Regular Session of First Pyidaungsu Hluttaw | Third Regular Session of First Pyidaungsu Hluttaw | Total |
|---|---|---|---|
| Bamar | 14 | 1 | 15 |
| Wa | 2 | 0 | 2 |
| Inn | 1 | 0 | 1 |
| Mon | 3 | 0 | 3 |
| Bamar-Dawei | 1 | 0 | 1 |
| Shan | 1 | 0 | 1 |
| Chin | 1 | 0 | 1 |
| Total | 23 | 1 | 24 |

လွှတ်တော် စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၁)

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန်အစည်းအဝေးများအတွင်း မေးခွန်းများ လေ့လာချက်)

လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၁) အတွက် အချက်အလက်ကောက်ယူရာတွင် လွှတ်တော်တွင်း၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ဖြေဆိုရန် မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းများထဲမှ ဖြေကြား၊ မှတ်တမ်းပြုစုခြင်းခံရသည့် မေးခွန်းများကိုသာ ထည့်သွင်း တွက်ချက်ထားခြင်းဖြစ်ပါသည်။ ရရှိနိုင်သည့် အချက်အလက် အထောက်အထားများကို အခြေခံ၍ ပထမဆုံးခြေလှမ်းတစ်ခုဖြစ်သော ယခု "မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ မေးခွန်းများလေ့လာချက်)" ကို ကိန်းဂဏန်း စာရင်း ဇယားများနှင့် ဂရပ်ပုံများအဖြစ် ပြောင်းလဲလျက် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရန် ပြုစုထုတ်ဝေရခြင်း ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ စောင့်ကြည့်လေ့လာရေး အစီအစဉ်မှ အစီရင်ခံစာများကို ရွေးကောက်ခံ သို့မဟုတ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်၊ အများပြည်သူ သိရှိခြင်းငှာ ထောက်ပြနိုင်ရန်နှင့် အကြံပေးမှုများကို ပြုလုပ်နိုင်ရန် ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်မှ ပြုစုထုတ်ဝေသွားမည် ဖြစ်ပါသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် ငွေကြေးအကျိုးအမြတ်အတွက် ရည်မျှော်ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားသော အနာဂတ်ကို တည်ဆောက်ရာတွင် နိုင်ငံသားတိုင်း တစ်ဦးမကျန် ပါဝင်အားစိုက်ဆောင်ရွက်နိုင်ကြရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် သတင်းအချက်အလက်နှင့် အသိဉာဏ်အလင်း ရပိုင်ခွင့်များကို မြှင့်တင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ နိုင်ငံရေးပါတီအစွဲမရှိသော၊ အနောင်အဖွဲ့ကင်း၍ အတွေးအခေါ်အရ လွတ်လပ်သော လူပုဂ္ဂိုလ်များ၏ စုဖွဲ့ဆောင်ရွက်မှုတစ်ခုလည်း ဖြစ်သည်။ ထိုသို့ စုဖွဲ့ဆောင်ရွက်ရာတွင် အဖွဲ့အစည်းစုဖွဲ့မှုသည် အထက်အောက်စုဖွဲ့ဆောင်ရွက်မှုမျိုးမဟုတ်ဘဲ တန်းတူပူးပေါင်းပါဝင်မှုရှိသည့် အဖွဲ့အစည်းပုံစံ ဖြစ်သည်။